ကြေးမုံ

The Mirror

၁၃၆၆ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ တနင်္လာနေ့၊ (26-7-2004) (၄၃၀၆)

ဂါရဝေါ စ
တော် မင်္ဂလ မုတ္တမံ။

ရိုသေထိုက်သူကို ရိုသေခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း (၈၀)ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မော်လ်ဒိုက်ဗ်နိုင်ငံ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန်　　ဇူလိုင်　　၂၆

၂၀၀၄ခုနှစ် ဇူလိုင် ၂၆ရက်၌ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ သမ္မတ မစ္စတာမာမွန်းအဗ္ဗဒူ လ်ဂါယွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

စက်မှုဇုန်လုပ်ငန်းများ စနစ်တကျဖြစ်ထွန်းရေးသည် နိုင်ငံတော်၏စီးပွားရေးအတွက် လွန်စွာအရေးကြီး

သန်လျင်–ကျောက်တန်းစက်မှုဇုန်ကို နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေအဖြစ် အဆင့်မြှင့်တင်သွားမည်

အထူးစက်မှုနယ်မြေကြီး ပီပီပြင်ပြင်ဖြစ်ထွန်းလာသည်နှင့်အမျှ နိုင်ငံတော်၏စီးပွားရေးကို ထိရောက်စွာ အထောက်အကူပြုနိုင်

ရန်ကုန်　　ဇူလိုင်　　၂၅

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့နံနက် ၉နာရီခွဲ တွင် ရန်ကုန်–သန်လျင်–ကျောက်တန်း ကားလမ်းမကြီးပေါ်ရှိ သန်လျင်–ကျောက်တန်းစက်မှုဇုန် စီမံခန့်ခွဲရေးရုံးသို့ ရောက်ရှိပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်းဒေသ)နှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားသည်။ (အပေါ်ပုံ)

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တောင်ပိုင်းခရိုင်နှင့် သန်လျင်၊ ကျောက်တန်းမြို့နယ်တို့မှ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တိုင်းရင်းသားလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	**စီးပွားရေး ဦးတည်ချက် (၄)ရပ်**	**လူမှုရေး ဦးတည်ချက် (၄)ရပ်**
* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အဖွင့်အမှာစကားပြောကြားရာ၌ မိမိတို့အစိုးရ နိုင်ငံတော်၏ တာဝန်ကိုယူခဲ့ရချိန်က စတင်ပြီး နိုင်ငံတော်အတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေး ဦးတည်၍ ရန်ကုန်မြို့တော် ပတ်ဝန်းကျင်ဒေသများ၌ စက်မှုဇုန်များ ထူထောင်ပေးခဲ့ကြောင်း။

သန်လျင်–ကျောက်တန်းဒေသသည် ပင်လယ်ဆိပ်ကမ်း တည်ဆောက်နိုင်သည့် ဒေသဖြစ်သည့်အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခြေခံသည့် စက်မှုဇုန်ကြီး တစ်ခုထူထောင်နိုင်ရန် သန်လျင်–ကျောက်တန်းစက်မှုဇုန် စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း။

တည်ဆောက်ပေးခဲ့

ကျောက်တန်း သီလဝါဒေသ၌ အပြည်ပြည်ဆိုင်ရာ ပင်လယ်ဆိပ်ကမ်း တစ်ခု တည်ဆောက်မှု အပါအဝင် **စာမျက်နှာ ၈ ကော်လံ ၁ သို့ ***

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror

၂၆-၇-၂၀၀၄
(တနင်္လာနေ့)

ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေး အလေးထား ပတ်ဝန်းကျင်သန့်ရှင်းရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

ကျန်းမာကြံ့ခိုင်ရေးသည် လူတိုင်းအတွက် အလေးထားကြရမည့် လိုအပ်ချက်ဖြစ်သည်။ လူတိုင်း လူတိုင်း ကျန်းမာကြံ့ခိုင်နေမှသာ ကာယသုခ၊ စိတ္တသုခ ပြည့်ဝစွာဖြင့် လူမှုဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်စွမ်းဆောင်နိုင်ကြမည်ဖြစ်သည်။ ကျန်းမာကြံ့ခိုင်သော နိုင်ငံသူ၊ နိုင်ငံသားများကသာ နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်းများတွင် ကာယ၊ ဉာဏ စွမ်းအားအလိုက် ပါဝင်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် ကျန်းမာရေးစီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မြို့ပြဒေသမှသည် ကျေးလက်အစွန်အဖျားဒေသများအထိ တိုးချဲ့ဖြည့်ဆည်း စီမံပေးလျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူများ၏ ကျန်းမာရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေး၊ ရောဂါရှာဖွေကုသရေးနှင့် ကျန်းမာမှု ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တာဝန်ယူကုသ ပညာပေးဆောင်ရွက်လျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဖော်ဆောင်ရာတွင် ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အဓိက ထား၍ လုပ်ကိုင်လျက်ရှိသည်။ ငှက်ဖျားရောဂါ၊ သွေးလွန်တုပ်ကွေးရောဂါ၊ တီဘီရောဂါ၊ အနာကြီးရောဂါစသည့် ရောဂါများနှင့် ရာသီအလိုက်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများမှ ကာကွယ်တားဆီးနိုင်ရန် စီမံချက်များ ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ကျန်းမာရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့ပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လူထုလှုပ်ရှားမှုဖြင့် ဆောင်ရွက်ခြင်းအခမ်းအနားကို ဇူလိုင်လ ၂၀ ရက်နေ့က ရန်ကုန် အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်၌ ကျင်းပခဲ့သည်။ အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီးနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန်တို့ တက်ရောက်ကြပြီး မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေး လုပ်ဆောင်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးနှင့် မြို့တော်ဝန်တို့က သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်တားဆီးရေးအတွက် ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်များအလိုက် မိသားစုဝင်များ၊ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ပညာပေးဟောပြောခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများကို အလေးထား ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာနက သွေးလွန်တုပ်ကွေးရောဂါကဲ့သို့ပင် ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် အမျိုးသားအဆင့် ငှက်ဖျားရောဂါ ကာကွယ် နှိမ်နင်းရေးလှုပ်ရှားမှု ရက်သတ္တပတ် စီမံချက်များကို ၂၀၀၀ ပြည့်နှစ်မှ စတင်ဆောင်ရွက်လာခဲ့ရာ ယခုနှစ်တွင် ပဉ္စမအကြိမ်သို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ယခုကဲ့သို့ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ရက်သတ္တပတ်လှုပ်ရှားမှုကာလအတွင်း အရှိန်အဟုန်မြင့် လုပ်ဆောင်ပညာပေးခြင်းသည် ပြည်သူများ ငှက်ဖျားရောဂါကာကွယ်နှိမ်နင်းရေးကို ပိုမိုသတိပြုလာစေပြီး လိုက်နာကျင့်သုံး ကာကွယ်သွားကြရန် ဖြစ်သည်။ ငှက်ဖျားရောဂါ ကာကွယ်နှိမ်နင်းရေး လုပ်ငန်းများကို လှုပ်ရှားမှုရက်သတ္တပတ်တွင်သာမက တစ်နှစ်ပတ်လုံး ဆောင်ရွက်သွားကြရန်လိုအပ်သည်။

ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများသည် သက်ဆိုင်ရာ ရောဂါပိုး သယ်ဆောင်လာသော ခြင်ကိုက်ခံရမှုများကြောင့် ကူးစက်ရောဂါဖြစ်ပွားရခြင်းဖြစ်ရာ အဓိကအားဖြင့် ခြင်ကိုက်မခံရစေရန် သတိပြုကြရမည်ဖြစ်သည်။ ထို့အပြင် မိမိနေအိမ်၊ ကျောင်း၊ ပတ်ဝန်းကျင်တွင် ခြင်မပေါက်ပွားစေရန် ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းများ ဆယ်ယူခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းလုပ်ဆောင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်စေရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် စီမံဖြည့်ဆည်းပေးလျက်ရှိရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူအားလုံးက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများတွင် အစဉ်တစိုက်ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ်အားတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံရေးတိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. K.Natwar Singh ၏ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အိန္ဒိယသမ္မတနိုင်ငံသို့ တရားဝင်ခရီးသွားရောက်ခဲ့ပြီးနောက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၊နိုင်ငံခြားရေး ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ရန်ကုန်မြို့ရှိ အိန္ဒိယသမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ မစ္စတာ ရာဟူးလ်ကူလ်ရှ်ရက်ရှ်(တ်)တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးနှင့်အတူ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းနှင့် အထူးအရာရှိ ဦးမင်းသိမ်းတို့လည်း ပြန်လည် လိုက်ပါလာကြသည်။

ပြည်ပရေးရာဝန်ကြီးနှင့်တွေ့ဆုံ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် အိန္ဒိယသမ္မတနိုင်ငံတွင် ရောက်ရှိနေစဉ် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနဝန်ကြီး H.E. Mr. Natwar Singh နှင့် ဇူလိုင်၂၄ရက် မွန်းလွဲ ၁၂နာရီ မိနစ် ၅၀တွင် နယူးဒေလီမြို့ရှိ Hyderabad House ၌ တွေ့ဆုံ ကြသည်။

ရင်းနှီးပွင့်လင်းစွာ

ယင်းသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြားတည်ရှိပြီး ချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လူ့စွမ်းအား ဖွံ့ဖြိုး တိုးတက်မှုကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် နိုင်ငံတကာနယ်ပယ်တွင် အစဉ်အလာရှိသည့်အတိုင်း ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး ကြသည်။

အဆိုပါ တွေ့ဆုံရာသို့ ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်း၊ အထူးအရာရှိ ဦးမင်းသိမ်းနှင့် အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံးမှ သံမှူး ဦးရဲမြင့်တို့တက်ရောက်ကြပြီး အိန္ဒိယပြည်ပရေးရာ ဝန်ကြီးနှင့်အတူ နိုင်ငံခြားရေး အတွင်းဝန် Mr. Shashank နှင့် တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht တို့ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် အိန္ဒိယပြည်ပရေးရာ ဝန်ကြီးက ဝန်ကြီး ဦးဝင်းအောင်နှင့် အဖွဲ့ဝင်များအား Hyderabad House ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဝန်ကြီးချုပ်အားတွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်သည် ညနေ ၅နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E. Dr. Manmohan Singh အား ဝန်ကြီးချုပ်၏နေအိမ်သို့ သွားရောက်၍ တွေ့ဆုံသည်။

ဆွေးနွေး

ယင်းသို့တွေ့ဆုံရာတွင် အိမ်နီးချင်းကောင်းများဖြစ်ကြသော အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေး တိုးတက်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ရေး၊ ASEAN နှင့် BIMSTEC အဖွဲ့များတွင် မိမိတို့ဒေသ ဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံရာသို့ ဝန်ကြီး ဦးဝင်းအောင်နှင့်အတူ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထွန်းတို့ တက်ရောက်ကြပြီး ဝန်ကြီးချုပ် H.E. Dr. Manmohan Singh နှင့်အတူ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ နိုင်ငံခြားရေး အတွင်းဝန် Mr. Shashank နှင့် တွဲဖက်အတွင်းဝန် Mrs. Mitra Vasisht တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတနိုင်ငံ ဝန်ကြီးချုပ် H.E.Dr.Manmohan Singh အား ဝန်ကြီးချုပ်၏နေအိမ်သို့ သွားရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr.˚Natwar Singh အား နယူးဒေလီမြို့ရှိ Hyderabad House ၌ တွေ့ဆုံစဉ်။ (သတင်းစဉ်)

မော်လ်ဒိုက်ဗ်လွတ်လပ်ရေးနေ့ ဝန်ကြီးဦးဝင်းအောင် သဝဏ်လွှာပေးပို့

ရန်ကုန် ဇူလိုင် ၂၆

၂၀၀၄ခုနှစ် ဇူလိုင် ၂၆ရက်၌ ကျရောက်သော မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ၏ (၃၉)နှစ်မြောက် နှစ်ပတ်လည်လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီး ဌာန ဝန်ကြီးဦးဝင်းအောင်ထံမှ မော်လ်ဒိုက်ဗ်သမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီး ဌာန ဝန်ကြီး မစ္စတာ ဖာသူလာဂျမီးလ်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

အသက်ရှည်စွာ အနာမဲ့ရေး (၂)

ဒေါက်တာလွင်ကို

“ဦးလေး ဦးဘချောတို့ပါလား၊ လက်ထဲမှာလဲ အထုပ်ကိုယ်စီနဲ့ ကြွပါခင်ဗျာ”

“ကိစ္စကတော့ ဆရာပဲ အချက်သုံးချက်ကျန်သေးတယ်ဆို၊ ထပ်ဆွေးနွေးပါဦး”

“သြော်-ဟုတ်ကဲ့၊ မြတ်ဗုဒ္ဓဟောတဲ့ အသက်ရှည်ခြင်းအကြောင်းတရား တတိယအချက် ကတော့အစားအစာကို မှီဝဲသုံးဆောင်ရာမှာ ကြေခဲကျက်ခဲတဲ့ အစာကြမ်းတွေကို ရှောင်ပြီးကြေလွယ်ကျက်လွယ်တဲ့ အစားအစာကို မှီဝဲသုံးဆောင်ရမယ်တဲ့ခင်ဗျ၊ ပါဠိလိုတော့ (ပရိဏာတဘောဇီစ ဟောတု)ပါတဲ့”

“ဟုတ်တာပေါ့ဆရာရဲ့၊ ကျွန်တော်တို့ ဒုလ္လဘခံတုန်းက တောင်ပုလုဆရာတော်ကြီးက အစာကိုကြေအောင်ဝါးခိုင်းတယ်၊ ထမင်းလုတ်တိုင်း အကြိမ် (၃၀)ဝါးပြီးမှ မျိုချခိုင်းတယ်”

“ဦးဘချောကလဲ လုပ်ရော့မယ်၊ ဆရာတော်မိန့်တာက အမှတ်သဘောနဲ့ စားရင်စားတယ်၊ ဝါးရင်ဝါးတယ်၊ မျိုရင်မျိုတယ်ကို သတိလက်မလွတ်အောင်လို့ပါ”ဟု ဦးစံမောင်က ဝင်ပြောသည်။

“နှစ်ယောက်စလုံးမှန်ပါတယ်လို့ သဘောပေါက်နိုင်ပါတယ်။ ပါးစပ်ထဲမှာ ကြာကြာဝါးတော့ စားတဲ့အစာကကြေပြီး ညက်သွားတဲ့အပြင်၊ ပါးစပ်အတွင်းမှာရှိတဲ့ အင်ဇိုင်းဓာတ်ကလည်း ရောနှောပါဝင်ဓာတ်ပြုပြီး အစာကြေချက်ခွင့် အချိန်ပိုရတော့၊ အစာအိမ်လုပ်ဆောင်ရာမှာသက်သာတာပေါ့၊ အမှတ်နဲ့ဝါးတော့ ပစ္စုပ္ပန်တည့်တည့်ရှုရာရောက်ပါတယ်၊ ဒါ့အပြင် အကြိမ်သုံးဆယ်လောက်ဝါးလိုက်ရင်ပဲ ကိုယ့်ဝါးဖတ်ကို ကိုယ်မသတိတဲ့စိတ်ဝင်လာပြီး ပျို့ချင်အန်ချင်လာတတ်ပြန်တယ်၊ ဒီတော့ ပျို့ချင်အန်ချင်စရာ အစားအစာတွေနဲ့ ဖြစ်တည်နေလာတဲ့ ခန္ဓာကိုယ်အကောင်ကြီးကို ရွံမုန်းစရာပါလားဆိုတဲ့ သဘောတရားတွေဝင်လာပြီပေါ့၊ မိမိအချစ်ဆုံးလို့ထင်ရတဲ့ မိမိခန္ဓာကိုယ်ကိုတောင် ရွံမုန်းလာရင်၊ အခြားတပ်မက်စရာတွေလည်း ပြယ်ကုန်မယ်။ အဲဒီတော့ကာ လောဘ၊ ဒေါသပယ်ပြီးသားဖြစ်၊ အမှတ်နဲ့စားတော့မောဟပယ်ပြီး စိတ်ရဲ့ငြိမ်းချမ်း၊ တည်ငြိမ်မှုရတာဟာ အကောင်းဆုံးအသက်ရှည်ဆေးတစ်ခွက်လို့ပဲ ယူဆမိပါတယ်”

“ဟုတ်လိုက်လေဗျာ၊ ဘုရားဟောတိုင်းဟာ တရားဖြစ်တော့တာပါပဲ၊ ကြေခဲကျက်ခဲသော အစာကိုသာစားရာ၏လို့ဆိုငြားသော်လည်း နေ့တိုင်း၊ နေရာတိုင်း၊ လူတိုင်းဘယ်တတ်နိုင်ကြပါ့မလဲ၊ ကြေခဲကျက်ခဲတဲ့အစာဆိုရင် ကြာကြာဝါးတော့ တရားဖြစ်တာပေါ့နော်၊ အခု ကျွန်တော်ယူလာတဲ့ မုံ့ပစ်သလက်ကိုလဲ ဒါနလေးမြောက်သွားအောင်ကြာကြာဝါးပြီး အားပေးလိုက်ပါဦး။ စားတော်ပဲနဲ့၊ ကြက်သွန်မြိတ်နဲ့ သေချာလုပ်ခိုင်းပြီး ဝယ်လာတာပါ။ နောက်ပြီးတော့မှ အစာကြေအောင် ထန်းလျက်ခဲနဲ့ ပိတ်ကြတာပေါ့”

“ဟုတ်ပါပြီဗျာ၊ အကယ်၍များ အကြောင်းမညီညွတ်လို့ ကြေခဲလွယ်တဲ့ အစာကို စားမိပြီးရင်ကော ဘယ်လိုလုပ်သင့်သလဲဗျာ၊ စားတော့စားမိကြမှာပဲ” ဦးစံမောင်က ဝင်ပြောပါသည်။

“လွယ်ပါတယ်ဗျာ၊ ရေနွေးနွေးလေးသောက်လိုက်ပေါ့။ ပိုကောင်းတာက ပျားရည်လေးတစ်ဇွန်း ရေနွေးနွေး ဖန်ခွက်တစ်ဝက်လောက် ရောသောက်လိုက်။ ရေနွေးကလည်း အစာကြေစေတယ်။ ပျားရည်မှာပါတဲ့ တေဇောဓာတ်ကလည်း အစာကြေကျက်မှုကို အထောက်အကူပြုတယ်။ ဝါယောဓာတ်ကလည်း အောက်ကိုသက်စေတယ်။ အချို(အာပေါ)ဓာတ်ကလည်း အားဖြစ်စေတယ်။ ကျွန်တော့်ကလေးတွေ မွေးစကတည်းက နို့မစို့တတ်ခင် ပျားရည်ကို နှုတ်ခမ်းပွတ်ပေးလိုက်တာပဲ။ လေနာလည်း ကင်းတယ်”ဟု ဦးလေးချစ်က ဆွေးနွေးပါသည်။

“မှန်ပါတယ်ခင်ဗျ၊ ရေမှာလည်း ရေအေးနဲ့ရေနွေး ဂုဏ်သတ္တိ အလွန်ကွာခြားလှပါတယ်။ ကောင်းစွာ ကျိုချက်ထားပြီး မပူလွန်း၊ မအေးလွန်းတဲ့ ရေနွေးက ဝမ်းမီးတောက်စေသည်။ အစာကို ကြေစေသည်။ လည်ချောင်းကို သန့်ရှင်းစေသည်။ ချွဲသလိပ်ကြေစေသည်။ ဆီးကို ရွှင်စေသည်။ ဆီးအိမ်ကို သန့်ရှင်းစေသည်။ ထို့ကြောင့် ချောင်းဆိုး၊ ပန်းနာ၊ သလိပ်ပွ၊ လေပွ၊ အစာမကြေ၊ ကြို့ထိုး၊ ဝမ်းဖောဝမ်းရောင် ရောဂါများအတွက် ကောင်း၏လို့ ကြားဖူးပါတယ်။ ရေအေးကတော့ မူးဝေခြင်း၊ တွေဝေမိန်းမောခြင်း၊ ပင်ပန်းခြင်း၊ ပူလောင်ခြင်း၊ အော့အန်ခြင်း၊ စမြင်းထိုးခြင်း၊ အပူဖျားခြင်းတို့ကို နိုင်၏။ ထို့ကြောင့် အရက်မူးလွန်လို့ ဒါမှမဟုတ် နလုံးပင်ပန်းအားကြီးလို့ အမောဆို့ မေ့မြောနေရင် ရေအေးအေးနဲ့ မျက်နှာရယ် နောက်ကျောကုံးရယ် ဆွတ်ပေးရင် အမူးအမေ့ ပြန်ကောင်းလာနိုင်ပါတယ်”

“ဆရာရေဆောင်ရန်ရှိရင် ရှောင်ရန်လည်းရှိရမှာပေါ့ ဆက်ဆွေးနွေးပါဦး”

“ပိုတိကျအောင် ဖတ်ပြပါမယ်။

ရေသောက်ရာ၌ သိမှတ်ဖွယ်ရာအဖြာဖြာ

(၁) ရေကို လိုအပ်သည်ထက် ပိုမသောက်ပါနှင့်၊ (ဝမ်းမီးနုံ့ခြင်းဖြစ်စေတတ်သည်)

(၂) ရေဆာသည်ဆိုလျှင် အလွန်အကျူးမသောက်ပါနှင့်၊ (အဖျားနှင့် ရေငတ်ဝမ်းကျဖြစ်တတ်သည်)

(၃) ရေကိုမနည်းလွန်း၊ မများလွန်း၊ မယုတ်မလွန်သာ သောက်သင့်သည်၊

(၄) ရေအပြောင်းအလဲသောက်ခြင်းမျိုးရှောင်ပါ၊ (ရေအေးသောက်ပြီးစ ရေနွေးသောက်ခြင်း၊ ရေနွေးသောက်ပြီးစ ရေအေးသောက်ခြင်းများသည် လူကိုများစွာ ဥပဒ်ဖြစ်စေတတ်၏။ အဘယ်ကြောင့်ဆိုသော် ဥတုသန္နိဖြစ်သောကြောင့်တည်း)

(၅) အစာမစားမီ ရေမသောက်သင့်၊

(၆) ရေငတ်လျှင် ရေအေးကိုသာသောက်ပါ။ အခြားတစ်စုံတစ်ရာ စားသောက်ဖွယ်ရာများ မစားသောက်ပါနှင့်၊

(၇) ထမင်းစားနေစဉ် ရေအေးကို မသောက်ပါနှင့်၊(ဝမ်းမီးနုံ့စေတတ်သည်)

(၈) နံနက်မျက်နှာသစ်ပြီး ညသိပ်ရေကို အရွယ်နှင့်လိုက်၍ အစိတ်သားခန့် သောက်ပေးရ၏။ (နံနက်စောစော သောက်သောရေသည် အပူအပုပ်အခိုးများ စင်ကြယ်စေ၏။ ရောဂါများကို ကင်းစင်စေ၏၊ အနာပေါက်ခြင်းမှလည်း ကင်းစင်စေ၏)

(၉) ဆံဖြူ၊ သွားကျိုး၊ မျက်စိမွဲ မဖြစ်စေဘဲ အသက်ရှည်စေနိုင်၏၊

(၁၀) ခရီးရှည်သွားသူ၊ဥပုသ်စောင့်သူ၊ပြင်းထန်စွာရယ်မောပြီးစ ရေငတ်သူ၊ ကြောက်ထိတ်လန့်သူ၊ဒေါသပြင်းစွာထွက်ပြီးစသူများသည် ရေအေးကို သောက်ရမည်၊

ရေနွေးသောက်ရာ၌ သိမှတ်ဖွယ်ရာအဖြာဖြာ

(၁) လေနာရောဂါရှိသူများသည် ထမင်းစားပြီးနောက် ရေနွေးကို သောက်ပါ၊

(၂) လွန်စွာ အအေးများသောသူ၊ အအေးကြောင့် ရောဂါဖြစ်သူများ ရေနွေးကျက်ကျက်ပူပူကိုသာသောက်ပါ၊

(၃) အဆီအသားတိုးပွား၍ ဝလွန်းသူများ ထမင်းစားပြီးနောက် ရေနွေးတွင် ပျားရည်နှင့်ရောက်၊ သံပရာရော၍ သောက်ပါ၊

(၄) ရေငတ်ဝမ်းကျဖြစ်နေသူများ ထမင်းဆုပ်ကို မီးကျက်အောင်ဖုတ်၍ ၎င်းကိုရေနွေးနှင့်စိမ်ပြီး သောက်ပါ၊ (သကြားချိုချိုနှင့် ရောစပ်သောက်နိုင်သည်)

(၅) အပူငုပ်၍ ဝမ်းပျက်ဝမ်းရောင်နေသူများ ရေနွေးတွင် ထုံးမှုန့်ထည့်၍ ၎င်းရေအကြည်ကိုသောက်ပါ၊ (ရေ ၂၀ကျပ်သားတွင် ထုံးမှုန့် ရှစ်ပဲသားခန့်)

မှတ်ချက်။ တစ်ညသိပ်ပြီးသော ရေနွေးသည် အဆိပ်ကဲ့သို့ အပြစ်ရှိသည်ဟု ဆေးကျမ်းများတွင် ဆိုထားသောကြောင့် ညသိပ်ရေနွေးကို မည်သည့်အခါမှ မသုံးသင့်ချေ။ အဘယ်ကြောင့်ဆိုသော် နေ့နှင့်ည ဥတုပြောင်းလဲ ပြိုင်ဆိုင်နေမှုသည် ထိုရေနွေး၌ ပါဝင်ကိန်းအောင်းလာသောကြောင့်တည်း”

“ဘုရားဟောတဲ့ ဒီအချက်ကိုလည်း လိုက်နာကျင့်ဆောင် နေထိုင်သွားမယ်ဆိုရင် နောက်ထပ်ငါးနှစ် ထပ်ပြီးအသက်ရှည်ဦးမှာပေါ့နော် ဦးဘချော။ ဒီလိုဆို (၈၅)နှစ်ဗျ”

“ဦးစံမောင် တွက်သလို တစ်ချက်လိုက်နာတိုင်း ငါးနှစ်ထပ်တိုးနေတာတော့ ကောင်းပါရဲ့။ ဒါပေမယ့် အသက်တိုခြင်း၊ ရှည်ခြင်းက အတိတ်ဘဝက သီလ၊ ယခုဘဝသီလနဲ့လည်း ဆိုင်တယ်နော်၊ ဟုတ်တယ်မို့လား ဆရာရဲ့”

“ဦးလေးချစ် ပြောတာမှန်ပါတယ်ခင်ဗျာ။ **မြတ်ဗုဒ္ဓဟောတဲ့ စတုတ္ထအချက်က သူ့အသက်ကို မသတ်ခြင်း၊ သူ့ဥစ္စာကို မခိုးခြင်း၊ သူများသားမယား၊ သားသမီးကို မကျူးလွန်၊ မဖျက်ဆီးခြင်း၊ သူတစ်ပါး ဒုက္ခရောက်အောင် လိမ်ညာမပြောခြင်း၊ အရက်သေစာ မူးယစ်သောက်စားခြင်းမှ ရှောင်ကြဉ်ခြင်းဆိုတဲ့ သီလငါးပါးနဲ့ ပြည့်စုံရမယ်တဲ့၊ ပါဠိလိုတော့ သီလဝါစတဲ့”**

“ငါးပါးသီလကတော့ လူတိုင်း ခါးဝတ်ပုဆိုးမြဲသင့်တာပေါ့”

“ဒီလိုတော့ လွယ်လွယ်မပြောနဲ့ ဦးစံမောင်၊ ခင်ဗျားတို့ ကျွန်တော်တို့ ဒီအရွယ်ရောက် လာကြပါပြီ။ ဘုန်းကြီးတိုင်ပေးလို့ ဝေရာမဏီ ရှောင်ကြဉ်ပါမည်ဟူသော သိက္ခာပဒံ၊ ဤသိက္ခာပုဒ်တော်ကို သမာဒိယာမိ ကောင်းစွာ ဆောက်တည်ပါမည်ဘုရားဟု ဆိုခဲ့တာလည်း အကြိမ်ကြိမ် ရာနဲ့ချီနေပြီ။ အခုထက်ထိ ခြင်၊ ယင်ကို သတိလက်လွတ် သတ်မိနေတုန်းပဲ။ ငယ်ငယ်တုန်းကဆို ပိုဆိုးတာပေါ့ဗျာ။ အပေါင်းအသင်းနဲ့တွေ့ရင် အသောက်အစားလေးက ပါလာပြန်ရော”ဟု ဦးလေးချစ်က ဆိုပါသည်။

“ဟုတ်တယ်ဗျ။ လူငယ်လူရွယ်ဘဝမှာ တစ်ပါးသီလ ထိန်းနိုင်ရင်ကိုပဲ ဘယ်လောက်ဂုဏ်ကျက်သရေရှိပြီး အကျိုးများလှပါတယ်ဆိုတာ ဆရာကြီးဦးသုခရဲ့ တစ်ပါးသီလရုပ်ရှင်ကားက အထင်အရှား သင်ခန်းစာ ပေးတာပဲလေ။ ခက်တော့ခက်တာပေါ့။ ဒါပေမယ့် သန္နိဋ္ဌာန်စိတ်နဲ့ အမြဲသတိတရား လက်ကိုင်ထားပြီး နေသွားနိုင်မယ်ဆိုရင် ငါးပါးသီလလည်းကြီးငယ်မဟူ လုံခြုံနိုင်ပါတယ်”

“ဟုတ်ပါတယ် ဦးလေးတို့ခင်ဗျာ၊ နဂါးရုံဆရာတော်ကြီး (အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဥတ္တရ) မိန့်ဖူးတဲ့ပုံပြင်လေး သတိရမိပါတယ်။ သီလနဲ့ ပတ်သက်တဲ့ ပုံပြင်လေးပေါ့”

“ဆက်ပါဦးဆရာ”

“အမရဏပူရမြို့သားတစ်ယောက်ဒီသာပါမောက္ခဆရာကြီးဆီမှာ ပညာသွားသင်သတဲ့၊ ဒီလူငယ်ဟာ ငါးပါးသီလကို တကယ့်ကိုခါးဝတ်ပုဆိုးကဲ့သို့မြဲတယ်ဆိုပဲ၊ တစ်နေ့မှာ ဆရာကြီးဆီက စာချွန်လွှာနဲ့ဆက်သားက အမရဏပူရမြို့သား လူငယ်ရဲ့ မိဘများဆီကိုရောက်လာပါတယ်။ စာထဲမှာ ၎င်းတို့ရဲ့သား သေဆုံးလို့ လိုက်လာဖို့အကြောင်းပါပဲ၊ မိဘဖြစ်သူများက ဆက်သားနဲ့ပဲအမှာစကားပါးလိုက်ပါတယ်။ သူတို့မယုံကြည်နိုင်ကြောင်း၊ ဒါကြောင့် မလိုက်လာလိုကြောင်းပေါ့၊ နောက် ၁၀ရက်ကြာတော့ ဆရာကြီးဆီက ဆက်သားနောက်တစ်ခေါက်ရောက်လာပြီး ၎င်းတို့ရဲ့သား သင်္ဂြိုဟ်ပြီးစီးလို့ အရိုးနဲ့ပြာများကို အိုးထဲထည့်ပို့စေပါတယ်။ ဒီတော့မှမိဘများဟာ ဒီသာပါမောက္ခဆရာကြီးဆီ လိုက်သွားကြပါတယ်။ ရောက်တော့လည်း ဝမ်းနည်းကြေကွဲဟန်မပြဘဲ ဆရာကြီးနဲ့တွေ့ပါတယ်။ ဆရာကြီးခင်ဗျာ၊ ကျွန်တော်ကျွန်မတို့ သားကို အဘယ်မှာ ရှောင်ခိုင်းထားပါသနည်း။ ကျွန်မတို့သားသည်အရွယ်မလွန်မီ မည်သည့်နည်းနှင့်မျှမသေနိုင်ပါ။ မီးစာကုန်ဆီခန်း သက်တမ်းစေ့မှသာသေမည်ဖြစ်ပါသည်။ ဤအရိုးပြာများမှာ တိရစ္ဆာန်တစ်ကောင်ကောင်မှသာ ဖြစ်တန်ရာပါသည်။ ကျွန်မတို့သားသာမက၊ ကျွန်မတို့ တစ်မြို့လုံးဟာလည်း သက်တမ်းစေ့မှသာ သေဆုံးလေ့ရှိပါသည်။ သို့ကြောင့် (အ-မရှိ။ မရဏ-သေခြင်း။ ပူရ-မြို့) သေခြင်းမရှိသော မြို့ဟုပင် ကင်ပွန်းတပ်ထားပါသည်။ ဤသည်၏ အကြောင်းတရားမှာလည်း ကျွန်မတို့ တစ်မြို့လုံး ငါးပါးသီလကို လုံခြုံအောင် စောင့်ထိန်းကြသောကြောင့်ပင် ဖြစ်ပါသည်ဟု တည်တည် ငြိမ်ငြိမ်တင်ပြကြတယ်တဲ့။ ဆရာကြီးကလည်း ဒီစကားအားလုံးကို သူ့တပည့်အားလုံး (အမြို့မြို့ အနယ်နယ်အတိုင်းတိုင်းအပြည်ပြည်က) ကိုကြားနာမှတ်သားစေပြီးမှ ငါးပါးသီလခါးဝတ်ပုဆိုးကဲ့သို့မြဲသော သူတပည့်ကို ခေါ်စေပြီး မိဘများရှေ့မှောက်မှာပဲ သူတပည့်ကိုချီးကျူးသလို၊ ဒီလိုသားမျိုးဖြစ်အောင် ထိန်းသိမ်းစောင့်ရှောက် သွန်သင်ညွှန်ပြခဲ့ကြတဲ့ မိဘနှစ်ပါးစလုံးကို အမြင့်မှာ ထိုင်စေပြီး၊ သူကိုယ်တိုင်ဦးဆောင်ကာ မိဘဂုဏ်ကိုရည်မှန်းစေပြီး ဂုဏ်ပြုကန်တော့ကြတယ်လို့ ဟောဖူးပါတယ်”

“ကြားရတာပီတိဖြာလိုက်တာဆရာရယ်၊ ကိုယ်တိုင်သားနေရာဝင်ပြီး လိမ္မာပြချင်သလို၊ မိဘနေရာကနေပြီး သားသမီးကို သွန်သင်ညွှန်ပြ ပြုစုပျိုးထောင်ပေးချင်လိုက်တာ၊ ကိုယ့်သားသမီးတွေကို မေတ္တာတော့အတိုင်းအဆမရှိပေးခဲ့ပါတယ်။ ပညာလည်းသင်ပေးခဲ့တာပါပဲ၊ သူတို့ကြိုးစားမှုနဲ့သူတို့ အထိုက်အလျောက်ပေါ့။ နောက်ဆုံး သူတို့သားကျွေးမှု၊ မယားကျွေးမှုလုပ်နိုင်ရင်ပြီးတာပါပဲလို့ စိတ်ထဲကမှတ်ယူကာ အမွေခွဲဝေပေးလိုက်တာနဲ့ နိဂုံးချုပ်လိုက်ကြတာပါပဲ“

“ဟုတ်ကဲ့ခင်ဗျာ။ ဒါကတော့ သာမန်လောကီထုံပွတ် လူတို့ဇာတ်လို့ ဆိုရမှာပေါ့။ ငါးပါးသီလ စောင့်ထိန်းတဲ့သူ၊ မိသားစု၊ ကျေးရွာ၊ မြို့နယ်စသည်ဖြင့် ဘယ်သူမဆို သက်တမ်းစေ့ နေရရုံတင်မကပါဘူး။ ဘယ်တော့မှ ဒုက္ခဆင်းရဲနဲ့ မကြုံရတဲ့အကြောင်း တောင်ပုလုဆရာတော်ကြီးနဲ့ ကျောက်ဆင်တောရဆရာတော်ကြီး အမြဲဟောကြား ဆုံးမလေ့ရှိပါတယ်။ ကျွန်တော်တို့ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတွေ ငါးပါးသီလ မခံယူမီမှာ သရဏဂုံဆောက်တည်ကြရတယ်။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်မှုအပြည့်နဲ့ မိမိကိုယ်ကို လှူဒါန်းကြရတာလေ။ အဲဒီမှာ ပထမတန်းစား ယုံကြည်မှု (အသက်၊ ရောဂါ၊ လာဘ်၊ စိန်ရွှေရတနာ) တွေကိုစွန့်လွှတ်ပြီး ယုံကြည်တာ၊ ဒုတိယတန်းစား ယုံကြည်မှုကတော့ သရဏဂုံ ဆောက်တည်ချင်တဲ့စိတ်နဲ့ ဆောက်တည်တာ(ဘာကိုမှ မစွန့်လွှတ်၊ မစွန့်စားရဘူး)၊ တတိယတန်းစား ယုံကြည်မှုကတော့ သရဏဂုံ ဆောက်တည်မလားမေးတော့ မငြင်းချင်လို့ ဆောက်တည်တာ၊ အဲဒီဆောက်တည်မှုလေးနဲ့တင် အတိုင်းမသိ လောကီလောကုတ်အကျိုးဖြစ်တယ်လို့ ဟောကြားပါတယ်”

“နိပါတ်တွေ၊ ဇာတ်တွေရှိရင် ဆက်ပါဦးဆရာရယ်။ နောက်ထပ် ပီတိဖြစ်ရအောင်လို့၊ ပထမတန်းစား အသက်ကိုစွန့်ယုံကြည်ရင် ဘယ်မျှ အကျိုးများမယ်ဆိုတာ စဉ်းစားကြည့်ဖို့ ချန်ခဲ့မယ်။ ဒုတိယတန်းစား ယုံကြည်တဲ့ ဒါယကာ တစ်ယောက်က သူရဲ့မျက်မမြင် မိအို၊ ဖအိုများကို လုပ်ကျွေးနေရလို့ ဘုရား၊ တရား၊ သံဃာဝေယျာဝစ္စ မပြုနိုင်တဲ့အပြင် ဆင်းရဲလို့ ဘာကိုမှ မလှူဒါန်းနိုင်ဘူးတဲ့။ သို့သော် တစ်နေ့မှာ ရဟန်းတစ်ပါးနဲ့ကြုံလို့ သရဏဂုံ ဆောက်တည်ခွင့်ရပြီးမှ သေသွားတယ်။ ဒီအဖြစ်အပျက်က လွန်ခဲ့တဲ့ ၉၁ ကမ္ဘာက ဝိပဿီမြတ်စွာဘုရားလက်ထက်ကပါ။ သူသေလွန်တော့ သရဏဂုံတည်ခဲ့တဲ့ အကျိုးတစ်ခုတည်းနဲ့ သိကြားမင်း အကြိမ်(၈၀)၊ လူ့ပြည်မှာ စကြာမင်း (၇၅)ကြိမ်၊ ၉၁ကမ္ဘာပတ်လုံး ကြီးကြား ကြီးကြား ဧကရာဇ်မင်းဖြစ်လိုက်၊ လူပညာရှိဖြစ်လိုက်နဲ့ မြင့်မြတ်တဲ့ဘဝနဲ့သာ ကျင်လည်ပြီး ဂေါတမဘုရားလက်ထက်မှာ ခုနစ်နှစ်သားလေးနဲ့ ရဟန္တာဖြစ်ရတယ်တဲ့။ တတိယတန်းစား ယုံကြည်တဲ့ ဓမ္မိကဒါယကာကတော့ အနှစ် ၅၀ လုံးလုံး တံငါသည်အလုပ်နဲ့ အသက်မွေးနေခဲ့ရာက နေမကောင်း ဖြစ်တဲ့တစ်နေ့မှာ ရဟန်းတစ်ပါး အိမ်ရှေ့မှာ ဆွမ်းလာရပ်တာ မြင်တော့ သူ့ဇနီးကိုခေါ်ပြီး ဒီရဟန်းကို ငါမတွေ့ မမြင်ဖူးဘူး၊ သူ့ကျေးဇူး ကိုယ့်ကျေးဇူးလည်း မရှိခဲ့ဘူး။ ဒါကြောင့် ဘာအလှူခံခံ မလှူနဲ့လို့ ပြောခိုင်းတယ်။ ဒါယိကာမက ကန်တော့ဆွမ်းပါဘုရားလို့ လောင်းလိုက်တော့ ဒါယကာကြီးကော ဘယ်လိုနေသလဲ ပြန်မေးတယ်။ အားနည်းနေပါတယ်ဘုရားဖြေတော့ သရဏဂုံ မဆောက်တည်ချင်ဘူးလား မေးလိုက်ပါလို့ဆိုတော့ ပြန်မဖြေချင်တာနဲ့ ခေါင်းညိတ်ပြလိုက်တယ်။ ဒီတော့ ရဟန်းက သရဏဂုံပေးတာပေါ့။ သရဏဂုံဆုံးလို့ ငါးပါးသီလအစမှာဒါယကာက ကွယ်လွန်သွားပြီး စတုမဟာရာဇ်နတ်ဘုံကို ရောက်သွားတယ်။ အကျိုးအကြောင်း ဆင်ခြင်တော့ ရဟန်းရဲ့ ကျေးဇူးကိုမြင်ပြီး လာရောက်ကန်တော့လျှောက်ထားတယ်။ တပည့်တော်ဟာ ဒီသရဏဂုံ တန်ခိုးတစ်ခုတည်းနဲ့ ဒီဘဝရောက်ရတာပါ။ ငါးပါးသီလဆောက်တည်ခွင့် ရလိုက်ရင် အသက်ပိုရှည်ပြီး သေလွန်ရင်တောင် ဒီထက်မြင့်တဲ့ နတ်ဘုံနတ်နန်းရောက်မှာပါ ဘုရားတဲ့၊ ဒီတရားဒီနိပါတ်တော်တွေကိုထောက်ရင် ကျွန်တော်တို့အမြဲဆောက်တည်နေတဲ့ သရဏဂုံရဲ့ အစွမ်းနဲ့ ငါးပါးသီလရဲ့ အကျိုးတွေဟာ နှိုင်းတုမမြင်ကြီးမားမြင့်မြတ်လှပါတယ်”

“လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်ကျင့်လာတဲ့ ဘုရားရဲ့တန်ခိုးကအံ့မခန်းပေါ့ဗျာ၊ နောက်ပြီးခင်ဗျားတို့တစ်တွေနဲ့ မိတ်ဆွေဖြစ်ပြီး ဘုရားစကား၊ ကြားနာဆွေးနွေးခွင့်ရတာလည်း မင်္ဂလာလို့ဆိုပါရစေ”ဟုဦးဘချောကပြောပါသည်။

“မြတ်ဗုဒ္ဓ ပဉ္စမအချက်အသက်ရှည်ပြီး ကျန်းမာဖို့ဟောတော်မူသွားတာကလည်း ကလျာဏ မိတ္တောစ တဲ့ခင်ဗျ၊ စိတ်နှလုံးကို ကြည်လင်ချမ်းမြေ့စေတတ်သော အကျိုးကိုဆောင်သော သားသမီးကောင်း၊ မိတ်ဆွေကောင်း၊ ခင်ပွန်း၊ ဇနီးကောင်းတို့ရှိရမည်တဲ့”

“ဟုတ်တယ်ဗျ၊ သားကောင်းသမီးကောင်းက အလွန်အရေးကြီးတာ၊ တောင်းဆိုးပလုံးဆိုးသာပစ်ရိုးထုံးစံရှိတာ၊ သားဆိုးသမီးဆိုးကျတော့ မိဘစိတ်ကို အလွန်ထိခိုက်စေတာပဲ။ စိတ်ထောင်းတော့ကိုယ်ကြေရော၊ ဒီတော့ ဘယ်မှာ အသက်ရှည်နိုင်ပါတော့မလဲ၊ သားသမီးကကောင်းတယ်မဆိုထားနဲ့ဦး သူတို့ အောင်မြင်ကြီးပွားတိုးတက်ဖြစ်ထွန်းနေတာမြင်ရရင်ပဲ မိဘတို့စိတ်ဝမ်းပီတိ အလွန်လွှမ်းတာကလား။ သူတို့တစ်ဆင့်ထက်တစ်ဆင့်တက်မယ့် ရာထူးဂုဏ်သိမ်တွေကို ပျော်ရွှင်ကြည်နူးစွာစောင့်ကြည့်ဖို့ ငါအသက်ရှင်နေဦးမယ်၊ သူတို့ကမထောက်ပံ့ချင်နေပါစေဆိုတဲ့စိတ်ထား မိဘတိုင်းမှာရှိနေကြပါတယ်”

“မှန်လိုက်လေဗျာ၊ သူတို့များကြိုးစားမယ်ဆိုရင် သူတို့တစ်တွေ ပညာတတ်ကြီးတွေဖြစ်အောင်၊ လယ်ပေါင်၊ ယာရောင်း ကျောင်းထားမယ်ဆိုတဲ့ ရှိတာရောင်းပြီး ကျောင်းထားနေကြတဲ့ မိဘတွေအတွင်းသိအစင်းသိပါဗျာ။ ဒီမြို့နယ်မှာ ကျွန်တော့်မျက်မြင်ကိုယ်တွေ့ ပြောပြလို့တောင်ရပါတယ်”

“ဒီလိုပဲ ဇနီးကောင်းခင်ပွန်းကောင်းကလည်း အရေးကြီးတယ်ဗျ၊ လင်ဆိုးမယား တဖားဖားဖြစ်ပြီး စိတ်ထောင်းကိုယ်ကြေ၊ စောစောသေသွားတဲ့ မိန်းမတွေ ရှိသလို မိန်းမယုတ်လို ညံ့လို့၊ မမျှတလို့စိတ်ညစ်ပြီး အရက်သောက်၊ အရက်ကျွန်ဖြစ်၊ လုပ်ချင်ရာလုပ်၊ မိမိကိုယ်ကို မထိန်းနိုင်ဘဲ ဇာတ်သိမ်းစောသွားတဲ့ ယောကျ်ားတွေ မျက်စိရှေ့တင်ပါဗျာ။ ဒီတော့အသက်ရှည်ခြင်း အနာရောဂါကင်းရှင်းခြင်းရဲ့ အကြောင်းတရားမှာ ဇနီးနဲ့ခင်ပွန်း တကယ်အဓိကကျပါ့။ မောင်တစ်ထမ်းမယ်တစ်ရွက်နဲ့ တစ်သားမွေးတစ်သွေးလုပြီး ကလေးတစ်ကျိပ်မွေးခဲ့တာတောင် နည်းသေးတယ်ပြောတဲ့၊ မျက်စိအောက်က အပျောက်မခံနိုင်ကြတဲ့ အသက်(၈၀)ကျော် အဘိုး၊အဘွားတွေလည်း သက်သေရှိနေကြတယ်လေ”

“အဲဒါအပြင် မိတ်ကောင်းဆွေကောင်းဆိုတာလည်း အရေးကြီးတယ်လေ။ အခု ကျွန်တော်တို့ ဆရာဝန်နဲ့မိတ်ဆွေဖြစ်တော့ နေ့ ညအချိန်မရွေး လာပြီးပင်လိုရတာပေါ့ မဟုတ်ဘူးလား”

စာမျက်နှာ ၆ ကော်လံ ၁ သို့

အိန္ဒိယနိုင်ငံသားသုံးဦး ပြန်ပေးဆွဲခံရ၊ ကန်တို့အား အကူအညီပေးခြင်းသည် မှားယွင်းကြောင်း ဓားစာခံများပြောကြား

နယူးဒေလီ ဇူလိုင် ၂၄

အီရတ်နိုင်ငံရှိ ကူဝိတ်အခြေစိုက် ပို့ဆောင်ရေးကုမ္ပဏီတွင် အလုပ်လုပ်ကိုင်နေသည့် အိန္ဒိယနိုင်ငံသားသုံးဦးအား ပြန်ပေးဆွဲမှုအပေါ် အလွန်အမင်း စိုးရိမ်မကင်းဖြစ်မိကြောင်း အိန္ဒိယ ဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ကြာသပတေးနေ့တွင် ပြောကြားလိုက်ပြီး ယင်းကိစ္စအတွက် တာဝန်ရှိသူများအနေဖြင့် အပြစ်မဲ့အရပ်သားများအား ဘေးမသီရန်မခ အမြန်ဆုံးလွှတ်ပေးမည်ဟု မျှော်လင့်ထားကြောင်း ဆက်လက်ပြောကြားသည်။

အိန္ဒိယအစိုးရအနေဖြင့် သက်ဆိုင်သူအားလုံးနှင့် ထိတွေ့ဆက်ဆံမှုရှိနေကြောင်း၊ အဆိုပါအိန္ဒိယနိုင်ငံသားများ ဘေးကင်းရန်ကင်း ပြန်လည်လွတ်မြောက်ရေးအတွက် ကြိုးပမ်းမှုများ ပြုလုပ်နေကြောင်းဖြင့် တရားဝင်ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

နှိုးဆော်

အိန္ဒိယအစိုးရက ပြန်ပေးအဆွဲခံရသည့် မိသားစုနှင့် ထိတွေ့မှုရှိစေရေးအတွက် ၎င်းတို့၏ မိသားစုဝင်များ၏ အသေးစိတ် သတင်းများရရှိစေရန် ဝန်ကြီးချုပ် ဆင်းက ပြည်ထဲရေးဌာနအား နှိုးဆော်ထားသည်ဟု တာဝန်ရှိ သတင်းရပ်ကွက်က ပြောကြားသည်။

အီဂျစ်နိုင်ငံသား ဓားစာခံအား ၎င်းတို့၏ အသက် ချမ်းသာပေးပါရန် အာရေဗျ ရုပ်မြင်သံကြား အစီအစဉ်မှ ပြောကြားသွားသည်။

မေတ္တာရပ်ခံ

မိမိတို့ အိမ်ပြန်လိုပြီဖြစ်ကြောင်း၊ မိမိတို့အား အကူအညီပေးကြပါရန် မေတ္တာရပ်ခံကြောင်း၊ သို့မှသာ မိမိတို့ မိသားစု တကွဲတပြားစီဖြစ်မသွားနိုင်ကြောင်း၊ အဘယ်ကြောင့်ဆိုသော် မိမိတို့ ကလေးများ မိဘမဲ့ဖြစ်ရသည့် ဖြစ်မှုအတွက် သင်တို့အနေဖြင့် တာဝန်ယူခေါင်းခံနိုင်ပြီ ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မှားယွင်း

မိမိတို့သည် ကေဂျီအမ်ကုမ္ပဏီတွင် လုပ်ငန်းလုပ်ကိုင်နေကြကြောင်း၊ မိမိတို့ အဖမ်းခံခဲ့ရကြောင်း၊ မိမိတို့အား လွှတ်ပေးပါရန် မေတ္တာရပ်ခံပါကြောင်း၊ အမေရိကန်တို့အား အကူအညီပေးခြင်းသည် မှားယွင်းကြောင်း စသည်ဖြင့် ဖော်ပြပါ ဓားစာခံက ပြောကြားသည်။

၎င်းက အမေရိကန်တပ်ဖွဲ့ဝင်များအတွက် လုပ်ငန်းဆောင်ရွက်ရန် အီရတ် သို့မဟုတ် ကူဝိတ်နိုင်ငံသို့ မလာရောက်တော့ကြောင်း ကတိပြုပြောကြားသွားသည်။

အမ်အင်အေ၊ပီတီအိုင်။

ရဟတ်ယာဉ်ဝဲပျံ

ဇူလိုင် ၂၂ ရက်က ဘဂ္ဂဒက်မြို့လယ်တွင် စီးနင်းဝင်ရောက်မှုပြုလုပ်စဉ် သံချပ်ကာ ကားတစ်စီးပေါ်မှ ဝဲပျံနေသည့် အမေရိကန် ကီအိုဝါ ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကုလ ကိုယ်စားလှယ်အဖွဲ့ ဘဂ္ဂဒက်သို့ သွားမည်

ကုလသမဂ္ဂ ဇူလိုင် ၂၄

အီရတ်နိုင်ငံတွင် ကုလသမဂ္ဂ အမြဲတမ်းရုံး အခြေစိုက်ရန်အတွက် ကုလသမဂ္ဂ သံတမန်ဖြစ်သူသည် ၎င်း၏ အဖွဲ့ငယ်တစ်ဖွဲ့နှင့်အတူ ဘဂ္ဂဒက်မြို့တော်သို့ လာမည့်လတွင် သွားရောက်မည်ဖြစ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်က ကြာသပတေးနေ့တွင် ပြောကြားသည်။

ဥပဒေမဲ့ဖြစ်ရပ်များကြောင့် ပျက်စီးနေသည့် အီရတ်နိုင်ငံက ကုလသမဂ္ဂ တာဝန်ရှိပုဂ္ဂိုလ်များနေထိုင်ရန်အတွက် မလိုလားအပ်သည့် စိုးရိမ်မကင်းဖြစ်ရမှုများကို ပါကစ္စတန်နိုင်ငံသား ဝါရင့် သံတမန်ဖြစ်သူ ဂျီဟန်ဂျာကာဇီက ပယ်ချလိုက်သည်။ ၎င်းသည် အီရတ်နိုင်ငံအတွက် ကိုဖီအာနန်က အသစ်တစ်ဖန် ခန့်ထားသည့် အထူးသံတမန်တစ်ဦးဖြစ်သည်။

— ယုံကြည် —

အီရတ်ပြည်သူလူထုက ၎င်းတို့အတွက် လုပ်ငန်းဆောင်တာများ ဆောင်ရွက်ပေးမည့် ကုလသမဂ္ဂ မစ်ရှင်အဖွဲ့ အီရတ်တွင် ရှိနေသည်ကို မြင်တွေ့လိုသည်ဟု မိမိယုံကြည်ပါကြောင်း၊ ယင်းသဘောထားအမြင် ခိုင်မာစေရန် ဆောင်ရွက်ရေးသည် မိမိ၏တာဝန်ဖြစ်ကြောင်း ကာဇီက သတင်းထောက်များအား ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

နိုင်ငံတစ်နိုင်ငံ၏ပြည်တွင်းရေးကို မည်သည့်နိုင်ငံကမျှ စွက်ဖက်ခွင့်မရှိ

ဟာရာရေး ဇူလိုင် ၂၁

နိုင်ငံခြားသားတစ်ဦးအနေဖြင့် အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်စွက်ခွင့်မရှိကြောင်းဖြင့် ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက ထုတ်ဖော်ပြောကြားလိုက်သည်။

ဇင်ဘာဘွေနိုင်ငံ ပဉ္စမအကြိမ် ပါလီမန်ညီလာခံ နောက်ဆုံးအစည်းအဝေး အင်္ဂါနေ့တွင် မစတင်မီ တနင်္လာနေ့ညက အိမ်တော်၌ ပြုလုပ်သော ညစာစားပွဲ၌ ဇင်ဘာဘွေသမ္မတ ရောဘတ်မူဂါဘီက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ဇင်ဘာဘွေပါလီမန်အနေဖြင့် မျိုးချစ်စိတ်ရှိကြရန်နှင့် မိမိနိုင်ငံ၏ပြည်တွင်းရေးကို အပြင်လူများ စွက်ဖက်လာခြင်းကို ခုခံတွန်းလှန်ရန် လိုအပ်ကြောင်းဖြင့် သမ္မတ မူဂါဘီက တိုက်တွန်းလိုက်သည်။

အံ့အားသင့်

ဇင်ဘာဘွေနိုင်ငံတွင် အစိုးရပြောင်းလဲအောင် ဇင်ဘာဘွေ အတိုက်အခံ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုအဖွဲ့(အမ်ဒီစီ)နှင့် တောင်ပိုင်းအာဖရိကမှ အမည်မဖော်လိုသူအချို့နှင့် လက်တွဲဆောင်ရွက်နေကြောင်း ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ပြောကြားမှုကို မကြာမီက ကြားလိုက်ရသောအခါ လွန်စွာအံ့အားသင့်ရပါသည်ဟု ဇင်ဘာဘွေသမ္မတ မူဂါဘီက ထုတ်ဖော်ပြောကြားလိုက်သည်။

သူတို့က ဇင်ဘာဘွေနိုင်ငံအကြောင်း မည်သည့်အခွင့်အာဏာဖြင့် ဆွေးနွေးကြပါသနည်း။ ဗြိတိသျှပါလီမန်အနေဖြင့် ဗြိတိသျှအကျိုးစီးပွားကိုသာ ဆွေးနွေးသင့်ကြောင်းဖြင့်လည်း ၎င်းက ပြောကြားသည်။

ထို့ကြောင့် မိမိတို့ ဇင်ဘာဘွေပါလီမန်အနေဖြင့် ယင်းသို့ မိမိတို့ ပြည်တွင်းရေး စွက်ဖက်လာမှုကို ခုခံဆန့်ကျင်ရန် မျိုးချစ်စိတ်ရှိဖို့ လိုကြောင်း၊ ဗြိတိသျှတို့၏ ဝင်ရောက်စွက်ဖက်လာမှုကို လက်မခံနိုင်ဟု ထုတ်ဖော်ကြေညာသင့်ကြောင်းဖြင့် သမ္မတ မူဂါဘီက တိုက်တွန်းလိုက်သည်။

အတည်ပြု

ဇင်ဘာဘွေပါလီမန်သည် ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲ၏ ကြေညာချက်ကို စုံစမ်းစစ်ဆေးမှုပြုရန် အစိုးရအား တိုက်တွန်းသည့် အဆိုတစ်ရပ်ကို မကြာမီက အတည်ပြုလိုက်သည်ဟု သိရသည်။

မိမိတို့နိုင်ငံ၏ ပြည်တွင်းရေးရာများကိုလည်းကောင်း၊ အခြားနိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းကို တားမြစ်သည့် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကိုလည်းကောင်း မိမိတို့အနေဖြင့် မည်သည့် နိုင်ငံခြားသားများကိုမှ စွက်ဖက်နှောင့်ယှက် ဖျက်ဆီးခွင့်ပြုမည် မဟုတ်ကြောင်းဖြင့်လည်း ဇင်ဘာဘွေသမ္မတ မူဂါဘီက ပြောကြားလိုက်သည်။

အစိုးရတစ်ဖွဲ့က ပြည်သူ့အကျိုးပြု အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်နိုင်စေမည့် အရေးကြီးသည့်အရာများမှာ ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် တည်ငြိမ်ရေးတို့ပင်ဖြစ်ကြောင်း သမ္မတမူဂါဘီက ထည့်သွင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်၌ ကားဗုံးပေါက်ကွဲ၊ လူလေးဦး သေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ တောင်ပိုင်း လူနေရပ်ကွက်တစ်ခုတွင် ကားဗုံးတစ်လုံး ဗုဒ္ဓဟူးနေ့က ပေါက်ကွဲခဲ့ရာ လူလေးဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့နှင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

ဇူလိုင် ၂၃ ရက်က အီရတ်နိုင်ငံ ကူဖာမြို့တွင် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား ထောက်ခံသူများကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာကြီး ပိုမိုလုံခြုံလာပြီဟူသော သမ္မတဘုရှ်၏ ပြောကြားချက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန် လက်မခံ

ကုလသမဂ္ဂ ဇူလိုင် ၂၄

ကမ္ဘာကြီးသည် လွန်ခဲ့သည့် သုံးနှစ်ကထက် လုံခြုံမှု ပိုမိုမရှိကြောင်းဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။ ယင်းမှာ ကမ္ဘာကြီး ပိုမိုလုံခြုံလာပြီဆိုသော အမေရိကန်သမ္မတ ဘုရှ်၏ ပြောကြားချက်နှင့် ဖီလာဆန့်ကျင်ဖြစ်လျက်ရှိသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်က သတင်းစာရှင်းလင်းပွဲတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်ပြီး ကုလသမဂ္ဂက လူဦးရေရန်ပုံငွေအဖွဲ့သို့ အမေရိကန်ဒေါ်လာ ၃၄ သန်း မထည့်ဘဲနေရန် သမ္မတဘုရှ် အစိုးရ၏ ဆုံးဖြတ်ခြင်းကိုလည်း ဝေဖန်လိုက်သည်။

ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့သည် အမျိုးသမီးများ၏ အသက်ကို ကယ်ဆယ်နေခြင်းဖြစ်ကြောင်း ကိုဖီအာနန်က ပြောကြားသည်။

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ ဝေဖန်ချက်များမှာ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂအဖွဲ့တို့အကြား ဆက်ဆံရေးတင်းမာလာနိုင်သည်ဟု ဆိုသည်။ အမေရိကန်ပြည်ထောင်စုနှင့် ကုလသမဂ္ဂ ဆက်ဆံရေးမှာ အမေရိကန် ဦးဆောင်သည့် တပ်များက အီရတ်ကို တိုက်ခိုက်မှုထက် ကုလသမဂ္ဂ၏ ထောက်ခံမှုရအောင် သမ္မတ ဘုရှ် မစွမ်းဆောင်သည့်အတွက် ဆိုးရွားခဲ့ပြီး အမေရိကန် သိမ်းပိုက်မှု အဆုံးသတ်ရန် ဘဂ္ဂဒက်၌ ကြားဖြတ်အစိုးရ ထူထောင်ရေးတွင် ကုလသမဂ္ဂက ကူညီပြီးနောက် ပြန်လည်တိုးတက်လာခြင်းဖြစ်သည်။

၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် အမေရိကန်သမ္မတအိမ်ဖြူရောက်ပြီးနောက် စစ်ပွဲနှစ်ကြိမ်ဆင်နွှဲသူ သမ္မတဘုရှ်က နိုဝင်ဘာ ၂ ရက်မတိုင်မီ မဲဆွယ်ပြောကြားစဉ် သူ၏ မူဝါဒများက ကမ္ဘာကြီးကို ပိုမိုလုံခြုံမှုရှိအောင် စွမ်းဆောင်နိုင်ကြောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ကန်လေတပ်က ဖော်လူဂျာမြို့ကို တိုက်ခိုက်ပြန်ပြီ

ဖော်လူဂျာ ဇူလိုင် ၂၄

ဂျော်ဒန်နိုင်ငံဖွား အဘူမူဆာအယ်လ်ဇာကာဝီနှင့်ဆက်သွယ်သည်ဟု ယူဆရသည့် အီရတ် ခုခံတိုက်ခိုက်ရေးသမားများကို ပစ်မှတ်ထားလျက် အမေရိကန်တပ်ဖွဲ့များသည် အီရတ်နိုင်ငံမှ မတည်မငြိမ်ဖြစ်နေသည့် ဖော်လူဂျာမြို့ကို သောကြာနေ့က လေကြောင်းမှ ထပ်မံတိုက်ခိုက်ကြကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

ထောက်လှမ်းရေးသတင်း အချက်အလက်များကို အခြေခံလျက် အီရတ်ခုခံတိုက်ခိုက်ရေးသမား ၁၀ ဦးမှ ၁၂ ဦးထိကို ယင်းကဲ့သို့ လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်လေတပ်မှ ဗိုလ်မှူးချုပ် အာရီလက်ဆင်က ထုတ်ပြန်သည့် ကြေညာချက်တွင်ဖော်ပြထားသည်။

ဒဏ်ရာရ

လေကြောင်းမှ တိုက်ခိုက်မှုတွင် သေဆုံးသူ ရှိ-မရှိကို အဆိုပါ ကြေညာချက်တွင် ဖော်ပြထားခြင်းမရှိသော်လည်း ကလေးနှစ်ဦး အပါအဝင် အနည်းဆုံး လူငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဖော်လူဂျာမြို့ ဒေသခံများက ပြောကြားသည်။

ပစ်ခတ်

တိုက်ခိုက်ချိန်တွင် အမျိုးသမီးများနှင့်ကလေးငယ်များ အိပ်နေကြကြောင်း၊ မည်သည့်အတွက်ကြောင့် မိမိတို့အား ပစ်ခတ်သည်ကို မသိရှိရကြောင်း အပျက်အစီးများကြားမှ ရုန်းထွက်လာသည့် အီရတ်အမျိုးသမီးကြီးတစ်ဦးက ပြောကြားသည်။

သေဆုံး

လွန်ခဲ့သည့်လကလည်း အမေရိကန်စစ်တပ်သည် ဖော်လူဂျာမြို့ အနောက်တောင်ပိုင်းရှိ အီရတ် ခုခံတိုက်ခိုက်ရေးသမားများ ပုန်းအောင်းရာနေရာများဟု သင်္ကာမကင်းသည့် နေအိမ်များကို ခုနစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ရာ လူ ၄၀ ဦးခန့် သေဆုံးခဲ့သည်။

ညှိနှိုင်း

မကြာသေးမီက နောက်ဆုံးအကြိမ် တိုက်ခိုက်မှုသည် အီရတ်ကြားဖြတ်အစိုးရနှင့် ညှိနှိုင်းပြီး ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာချက်၌ ဖော်ပြထားသည်။ ယခုလောလောဆယ်တွင် အီရတ် ကြားဖြတ်အစိုးရ ဝန်ကြီးချုပ် အာလာဝီသည် နိုင်ငံပြင်ပသို့ ရောက်နေသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စစ်ဆေး

ဇူလိုင် ၂၄ ရက်က ဘဂ္ဂဒက်မြို့လယ် လမ်းတစ်လမ်းတွင် ယာဉ်များကို စစ်ဆေးနေသည့် အမေရိကန် တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီဂျစ်သံတမန်တစ်ဦး အီရတ်တွင် ဓားစာခံအဖြစ် အဖမ်းခံရ

ဒူဘိုင်း ဇူလိုင် ၂၄

ဘဂ္ဂဒက်ရှိ အီဂျစ်သံတမန်ကို ပြန်ပေးဆွဲသွားပြီး အီဂျစ်နိုင်ငံအနေဖြင့် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့များနှင့် ပူးပေါင်း ဆောင်ရွက်ခြင်းမပြုလုပ်ရန် ပြန်ပေးသမားများက တောင်းဆိုခဲ့သည်ဟု အလ်ဂျာဇီးယားသတင်းဌာနမှ တစ်ဆင့် အခြေအနေကို ထုတ်ပြန်ပေးခဲ့သည်။

မျှဝေရန်အသင့်ရှိ

အီဂျစ်နိုင်ငံဝန်ကြီးချုပ် အာမက် နာဇစ်က အီဂျစ်နိုင်ငံသည် ယင်း၏ လုံခြုံရေးဆိုင်ရာ အတွေ့အကြုံများကို အီရတ် ယာယီအစိုးရလက်သို့ မျှဝေပေးရန် အသင့်ရှိကြောင်း မကြာသေးမီက ပြောကြားခဲ့သည်။

အီဂျစ်ဝန်ကြီးချုပ်၏ အဆိုပါ ပြောကြားချက်ကို တုံ့ပြန်သောအနေဖြင့် ယခုကဲ့သို့ အီဂျစ်သံတမန်ကို ပြန်ပေးဆွဲခြင်းဖြစ်ကြောင်း ဖမ်းဆီးထားသောအုပ်စုက ပြောကြားခဲ့သည်။ အဖမ်းခံရသူ အီဂျစ် သံတမန်မှာ မိုဟာမက်မန်ဒိုးကွဗ်ဖြစ်သည်။ ဓားစာခံကို ဖမ်းထားသော အဖြစ်အပျက်ကို ရိုက်ကူးထားသည့် ဗီဒီယိုတိပ်ခွေကို ပြန်ပေးသမားများက အလ်ဂျာဇီးယား ရုပ်/သံသို့ ပေးပို့ခဲ့သည်ဟု ဆိုသည်။

ပါဝင်ကူညီ

ပြန်ပေးသမားများက ပေးပို့သော တိပ်ခွေတွင် ဓားစာခံ အီဂျစ်သံတမန်က အီဂျစ်သံရုံးသည် အမေရိကန်စစ်ဘက်ဆိုင်ရာများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း၊ သို့ရာတွင် အီဂျစ်နိုင်ငံသည်အီရတ်နိုင်ငံ ပြန်လည်တည်ဆောက်ရာ၌ အီရတ်ပြည်သူများဘက်မှ ပါဝင်ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

ဗီဒီယိုအခွေဖြင့် ပြသသောသတင်းတွင် အီဂျစ်သံတမန် ဓားစာခံမှာ ထိုင်နေပြီး ၎င်း၏နောက်၌ မျက်နှာဖုံးစွပ်ထားကာ အဝတ်နက်ဝတ်ဆင်ထားသူ ခြောက်ယောက်တို့က ရပ်နေကြသောပုံများပါရှိသည်။

ထိုလူများ အနက် အနည်းဆုံး တစ်ဦးမှာ ရိုင်ဖယ်သေနတ်ကို ကိုင်ဆောင်ထားသည်။ အဖမ်းခံထားရသူ ဓားစာခံမှာ ဘဂ္ဂဒက်သံရုံးတွင် တတိယအဆင့်ရှိသူ ဖြစ်သည်။

ဖမ်းဆီး

၎င်းသည် လက်ရှိအခြေအနေတွင် ကျန်းမာရေး ကောင်းမွန်လျက်ရှိသည်ဟုဆိုသည်။

ဘဂ္ဂဒက်ရှိ အီဂျစ်သံရုံးမှ ဝန်ထမ်းများက ၎င်းအဖမ်းခံနေရသောကိစ္စကို မှန်ကန်ကြောင်း အတည်ပြု ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အာဖဂန်နစ္စတန်တွင် ကားဗုံးပေါက်ကွဲ၊ အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိ

ကဘူးလ် ဇူလိုင် ၂၄

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ကန်ဒါဟာပြည်နယ်တွင် သောကြာနေ့က အမေရိကန်စစ်ယာဉ်တန်း ကားဗုံးပေါက်ကွဲထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင်လေးဦး ဒဏ်ရာရရှိသွားကြောင်း အာဖဂန် ရဲတပ်ဖွဲ့တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

အနီးတစ်ဝိုက်ရှိ လေတပ်အခြေစိုက်စခန်းမှ ကန်ဒါဟာမြို့သို့ အမေရိကန်စစ်ယာဉ်တန်း ထွက်ခွာလာစဉ် ဖောက်ခွဲရေးပစ္စည်းများ အပြည့်တင်ဆောင်လာသည့် ကားတစ်စီးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲချုပ်ဆလမ်ခန်းက ပြောကြားသည်။

ဖောက်ခွဲခဲ့

အမေရိကန်တပ်ဖွဲ့ဝင်များက ပေါက်ကွဲမှုဖြစ်ပွားရာနေရာကို ပိတ်ဆို့ထားလိုက်ပြီး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ဖောက်ခွဲပစ္စည်းများကို ကားတစ်စီးတွင် အပြည့်တင်ဆောင်ထားပြီး အမေရိကန် စစ်ယာဉ်တန်း ဖြတ်သွားစဉ် ဖောက်ခွဲခဲ့ပုံရကြောင်း ၎င်းက ပြောကြားသည်။

ဖောက်ခွဲပစ္စည်းများ အပြည့်တင်ဆောင်ထားသည့် ကားတစ်စီးသည် စစ်ယာဉ်တန်းနှင့် ခေါင်းချင်းဆိုင် တိုက်မိခြင်းဖြစ်ကြောင်း ၎င်းက စောစောပိုင်းက ပြောကြားခဲ့သည်။

သေဆုံး

ကန်ဒါဟာပြည်နယ်သည် တစ်ချိန်က တာလီဘန်တို့၏ ခြေကုပ်စခန်းဖြစ်ပြီး အာဖဂန် နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းတို့တွင် တိုက်ခိုက်ရေးသမားများသည် အမေရိကန်တပ်ဖွဲ့များကို မကြာခဏ တိုက်ခိုက်လျက်ရှိသည်။ အာဖဂန်နစ္စတန်တွင် လွန်ခဲ့သည့်နှစ်က တိုက်ခိုက်မှုများကြောင့် လူ ၉၀၀ ခန့် သေဆုံးခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

လွတ်မြောက်လာသော ဖိလစ်ပိုင်ဓားစာခံ မနီလာလေဆိပ်သို့ပြန်ရောက်

မနီလာ ဇူလိုင် ၂၄

အီရတ်၌ ဓားစာခံအဖြစ် ဖမ်းဆီးခံရပြီး လွတ်မြောက်လာသူ ဖိလစ်ပိုင်နိုင်ငံသား ယာဉ်မောင်း ဒီလာခရု့ဇ်မှာ ကြာသပတေးနေ့က ဖိလစ်ပိုင်နိုင်ငံသို့ ပြန်ရောက်လာသည်။

ဘဂ္ဂဒက်၌ ဓားစာခံအဖြစ် လွတ်မြောက်ပြီး နှစ်ရက် အကြာတွင် ဒီလာခရု့ဇ်သည် မနီလာလေဆိပ်သို့ ရောက်ရှိလာခြင်းဖြစ်ပြီး လေဆိပ်မှ ၎င်း၏ဖခင်နှင့် သားသမီး ရှစ်ယောက်တို့က ကြိုဆိုကြသည်။ ဒီလာခရု့ဇ်သည် ဖိလစ်ပိုင်သမ္မတ အာရိုယိုနှင့် မတွေ့ဆုံမီ ယင်းသို့ ဖခင်၊ သားသမီးများနှင့် တွေ့ဆုံခြင်းဖြစ်သည်။

ပြန်ဆုံ

အဘူဒါဘီ၌ ဒီလာခရု့ဇ် ဆေးစစ်ဆေးခံယူပြီး သူသည် ဇနီးအာဆီနီယာ၊ ညီအငယ်ဆုံး ဂျက်ဆေးတို့နှင့် ဗုဒ္ဓဟူးနေ့ညက ပြန်ဆုံကြခြင်းဖြစ်သည်။ လွန်ခဲ့သည့် ရက်သတ္တနှစ်ပတ်ကြာက မထင်မရှားရှိခဲ့သူ ဒီလာခရု့ဇ်မှာ ယခုအခါ နိုင်ငံခြားသို့ သွားရောက်အလုပ်လုပ်ကိုင်သူ ဖိလစ်ပိုင်နိုင်ငံသား ရှစ်သန်းအနက် ထင်ရှားလာရပြီဖြစ်သည်။

အီရတ် တိုက်ခိုက်ရေးသမားများ၏ တောင်းဆိုချက်ကို လိုက်လျောအရှုံးပေးခြင်းနှင့် စပ်လျဉ်း၍ အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေး ဆိုးရွားသွားခြင်းထက် ဓားစာခံဒီလာခရု့ဇ်အား ပြန်ပေးသမားများက သတ်ဖြတ်လိုက်လျှင် ပြည်သူတို့၏ တုံ့ပြန်ရိုက်ခတ်မှုကြောင့် ပြည်သူ့ထောက်ခံမှု ဆုံးရှုံးမည်ကို ဖိလစ်ပိုင်သမ္မတ အာရိုယိုက ကြိုတင်တွက်ချက်ထားပုံရကြောင်း ရိုက်တာက ဖော်ပြထားသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာန အရာရှိများနှင့် အပေါင်းပါများကမူ အကြမ်းဖက်သမားများကို လိုက်လျော အရှုံးပေးခြင်းဖြင့် ဓားစာခံဖမ်းဆီးမှုကို အားပေးအားမြှောက်ပြုသည့် လက္ခဏာဖြစ်သွားနိုင်ကြောင်းဖြင့် ဖိလစ်ပိုင် သမ္မတ အာရိုယို၏ ဆုံးဖြတ်ချက်အပေါ် ဝေဖန်ပြောဆိုကြသည်။ ***အမ်အင်အေ၊ရိုက်တာ။***

လုံခြုံရေးစောင့်ကြပ်

ဇူလိုင် ၂၀ ရက်က အီရတ်နိုင်ငံ တယ်လီလေတပ်အခြေစိုက်စခန်းတွင် လုံခြုံရေး စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးကိုတွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဆမ်မာရာတွင် လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန် တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၂၄

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်သော ဆမ်မာရာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးရပြီး အခြားတပ်ဖွဲ့တစ်ဦး ဒဏ်ရာရရှိကြောင်း အမေရိကန်စစ်ဘက်က သောကြာနေ့တွင် ပြောကြားသည်။

အီရတ်နိုင်ငံ မြို့တော် ဘဂ္ဂဒက်မြောက်ဘက် မိုင် ၆၀ အကွာ ဆမ်မာရာမြို့တောင်ဘက်တွင် ကြာသပတေးနေ့ ညနေ ၆ နာရီခွဲတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ကြောင်း အမည်မဖော်သူ အမေရိကန်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဆမ်မာရာမြို့တွင် ယခုရက်သတ္တပတ် အစောပိုင်းကလည်း အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ခုခံတိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အီရတ်လေးဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆေးရုံသတင်းရပ်ကွက်က ပြောကြားသည်။

ဆမ်မာရာမြို့တွင် နောက်ဆုံးဖြစ်ပွားသော ဖြစ်ရပ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးရမှု အပါအဝင် အီရတ်စစ်ပွဲစတင်ချိန်မှ ယခုအချိန်အထိ အမေရိကန်တပ်ဖွဲ့ဝင် ၉၀၂ ဦးအထိ သေဆုံးခဲ့ရပြီဖြစ်သည်။ ***အင်တာနက်။***

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်းတို့က ဆရာတော်အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (ဘဏ္ဍာ/အခွန်)

ဘဏ္ဍာ/ အခွန်ဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်းတို့အား အမှူးထား၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ထမ်းမိသားစု၏ ဒုတိယအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်၅နာရီခွဲတွင် ရန်ကုန်မြို့ စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မင်္ဂလာဒုံမြို့နယ် မဟာဂန္ဓာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝအမှူးပြုသော သံဃာတော်၁၀ပါးတို့ ကြွရောက်တော်မူကြပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် ဇနီး ဒေါ်ခင်သန်းဝင်း၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး ဒေါ်သီတာဝင်း၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းနှင့် ဦးစီးဌာနများမှ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မဟာဂန္ဓာရုံကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍာဝထံမှ ဝန်ကြီးနှင့် ဧည့်ပရိသတ်တို့က ရှစ်ပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်တို့အား ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့်ဇနီး ဒေါ်ခင်သန်းဝင်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေနှင့် ဇနီး ဒေါ်သီတာဝင်း၊ ဌာနအကြီးအကဲများနှင့် ဇနီးများ၊ ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဇူလိုင် ၂၅

တုံးတာကုမ္ပဏီလီမိတက် ဝန်ထမ်းများ၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို တုံးတာကုမ္ပဏီ၌ ယနေ့နံနက်က ကျင်းပရာ ပုဇွန်တောင်မြို့နယ် မြသိန်းတန် ပရိယတ္တိစာသင်တိုက်ကြီးမှ စာချစာသင်သံဃာတော် အရှင်သူမြတ်များ ကြွရောက်အလှူခံသည်။

ရှေးဦးစွာ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက်ကြီး၏ ပဓာန နာယက၊ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တကေသရ (အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ) ထံမှ ငါးပါးသီလ ခံယူဆောက်တည်ပြီး မန်နေဂျင်းဒါရိုက်တာ ဦးခင်မောင်လတ်နှင့် ဝန်ထမ်းများက စာချစာသင်သံဃာတော် အပါး၇၀တို့အား သင်္ကန်းအစုံ ၇၀ ဆက်ကပ်ကြသည်။

(က–ပ)

ပါရီမြို့ မြန်မာဘုန်းတော်ကြီးကျောင်းဆောက်လုပ်ရန် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် အလှူရှင်များ၏ ဒုတိယအကြိမ် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ပဓာန နာယက ဆရာတော် ကျွန်းနံ့သာ ဘဒ္ဒန္တနန္ဒသိရီ ကြွရောက်ချီးမြှင့်တော်မူပြီး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထင်မျိုး၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြအောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးရှိန်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒေါ်သီဂီဝင်းနှင့် ကော်မတီအဖွဲ့ဝင်များ၊ ဆရာတော်၏ ဒါယကာ၊ ဒါယိကာမများနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဖွင့်လှစ်

ရှေးဦးစွာ အခမ်းအနားကို နမော တဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့ ဖွင့်လှစ်ပြီး ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ပဓာန နာယက ဆရာတော် ကျွန်းနံ့သာ ဘဒ္ဒန္တနန္ဒသိရီထံမှ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြသည်။ထို့နောက် အလှူငွေပေးအပ်လှူဒါန်းပွဲကိုကျင်းပရာ အလှူရှင်များဖြစ်ကြသော ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒ၊ ရွှေပါရမီ တောရဆရာတော် အရှင် ဆန္ဒာဓိကက ဒုတိယအကြိမ်၊ ရွှေပါရမီ တောရဆရာတော် အရှင်ဆန္ဒာဓိက၏ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ရန်ကင်းပညာရေးကောလိပ်မိသားစုနှင့် Mantraကုမ္ပဏီလီမိတက်မှ ဦးမင်းလွင်တို့က ငွေကျပ် ၁၀သိန်းစီ၊ ဦးဘွန်စိန်–ဒေါ်ချိုချိုလွင် (စိန်ရတနာ) မိသားစုက ငွေကျပ် ငါးသိန်း၊ Princess Hotel မှ ဦးခင်မောင်အေး – ဒေါ်ခင်စောမူ၊ ဒေါက်တာ နိုင်ထွန်းအောင်–ဒေါက်တာ ဝေဝေရင်မိသားစုနှင့် ဦးဌေးအောင်–ဒေါ်ခင်ကြည်လွင်(ရွှေရည်နို့ဆီမိသားစု) ပဲခူးမြို့နှင့် အဖွဲ့တို့က ငွေကျပ် သုံးသိန်းစီ၊ အောင်သုခမိသားစုမှ ဦးအောင်မြင့်–ဒေါ်သုခ၊ သား ကိုသိန်းမြင့်တို့က ဒုတိယအကြိမ်နှင့် ဦးဝင်းမြင့်–ဒေါ်သင်းသင်းအေး မိသားစုတို့က ငွေကျပ် နှစ်သိန်းစီ၊ တောင်ဥက္ကလာပမြို့နယ်နေ ဒေါ်အေးသင်နှင့် မိသားစုတို့က ငွေကျပ် ၁၅၀၀၀၀၊ တက်လမ်းဆောက်လုပ်ရေးမှ ဦးရှိန်ဝင်း–ဒေါ်ခင်ချိုဦး မိသားစုတို့က ဒုတိယအကြိမ်နှင့် ဦးစိုးစိုး–ဒေါ်သီဂီဝင်း၊ သား ဇော်ဝင်းထွန်း၊ သမီး စန္ဒီထွန်းတို့က ဒုတိယအကြိမ်အဖြစ် F.E.C 500 စီ အပါအဝင် အလှူရှင် ၉၀တို့က စုစုပေါင်း အလှူငွေ ကျပ် ၉၉၅၄၇၁၀နှင့် F.E.C 2450တို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ သာသနာရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူတို့ကလက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာဘုန်းတော်ကြီးကျောင်း ဆောက်လုပ်ရန်အတွက် အလှူရှင်များ၏ ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲ အခမ်းအနားတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်က အလှူရှင်များ၏ လှူဒါန်းငွေများကိုလက်ခံစဉ်။(သတင်းစဉ်)

ဟောကြားချီးမြှင့်

ဆက်လက်၍ ကျွန်းနံ့သာ ဘဒ္ဒန္တနန္ဒသိရီ အရှင်သူမြတ်က အနုမောဒနာတရားနှင့် ရေစက်ချတရားတော်တို့ကို ဟောကြားချီးမြှင့်တော်မူရာ ပရိသတ်များက လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်တိုင်းရဲတပ်ဖွဲ့ မိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းညှိနှိုင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် ဇနီး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ ခရိုင်ရဲတပ်ဖွဲ့မှူးများနှင့် ဇနီးများ၊ ဌာနခွဲမှူးများနှင့် ဇနီးများ၊ ဦးစီးအရာရှိများ၊ ဌာနစုမှူးများနှင့် တပ်ဖွဲ့ဝင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ငါးပါးသီလခံယူ

အခမ်းအနားတွင် ဆိပ်ကမ်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ စေတီယျပါလကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပရိတ်တရားတော်များ နာယူကြသည်။

နေ့ဆွမ်းဆက်ကပ်

ထို့နောက် သံဃာတော်အရှင်သူမြတ်များအား တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းနှင့် ဇနီး၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ဇနီး၊ တပ်ဖွဲ့ဝင် မိသားစုများက ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြပြီး နေ့ဆွမ်းဆက်ကပ်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

❀ စာမျက်နှာ ၃ ဆောင်းပါးမှအဆက်

"ဟုတ်ပါတယ် ဦးလေးတို့ရာ၊ ဒီလောက်ကတော့ ဆရာဝန်တိုင်း အရေးကြီးရင်ကြီးသလို ဆောင်ရွက်ပေးကြမှာပါ။ တကယ့်မိတ်ဆွေစစ်ဆိုတာက မိမိနိမ့်ကျနေတဲ့အချိန်မှာ အသိအမှတ်ပြုသူ၊ မိမိတကယ် အခက်ခဲရှိနေခိုက်မှာ စိတ်ရောကိုယ်ပါ ကူညီတတ်သူ၊ ၎င်းမြင့်တက်သွားတဲ့အချိန်မှာ စောင့်ရှောက်ထိုက်တဲ့ မိတ်ဆွေရင်းများကို စောင့်ရှောက်သူတို့ပဲပေါ့။ မိမိဘက်ကလည်း အပြန်အလှန် ဒီစိတ်မျိုးများထားကြရင် ပိုမကောင်းဘူးလား"

"ဆရာပြောတာ ပိုပြီးလေးနက်ပါတယ်။ ကိုယ်ဒုက္ခဖြစ်ခိုက်မှာ ရှောင်နေပြီးတော့ ဒီဒုက္ခတွေက နာလန်ထလာကာမှ ငါမသိလိုက်လို့ပါဆိုတဲ့ မိတ်ဆွေယောင်မျိုး၊ သူ့ကို ဒီပုဂ္ဂိုလ်၊ ဒီလူကြီးတွေနဲ့ မိတ်ဆက်ပေးလိုက်၊ တွေ့ခွင့်ပေးလိုက်ရင် ငါကျန်ရစ်ဖြစ်လိမ့်မယ်ဆိုပြီး ဖယ်ထားတတ်တဲ့ မိတ်ဆွေကြောင်မျိုး၊ ကိုယ်ဒုက္ခ ရောက်နေတာကို ကျိတ်ပြီးဝမ်းသာနေတဲ့ မိတ်ဆွေတုမျိုးတွေလည်း ရှိတတ်တယ်ဆရာရဲ့"

"ဦးစံမောင်ပြောတာလည်း ဟုတ်ပါတယ်။ ဒီတော့ သူ့ဘက်က မစဉ်းစားဘဲ ကိုယ့်ဘက်က စဉ်းစားပြီး ကိုယ်က ဦးစွာပထမ မိတ်ဆွေကောင်းဖြစ်ဖို့ ကြိုးစားကြတာပေါ့။ ဒါဆိုရင် ကိုယ်ရယ်သူရယ် မိတ်ဆွေကောင်း နှစ်ယောက်ရပြီလေ။ ဒီလိုလုပ်ရင် မိတ်ဆွေကောင်းတွေနှစ်ဆတိုးပြီး မိမိတို့ရဲ့ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဘာသာရေးတွေပါ အဘက်ဘက်က တိုးတက်ပြေလည်အောင်မြင်လာမယ်။ နောက်ပြီး ဦးလေးချစ် တွက်နည်းနဲ့ ကျွန်တော်တို့အသက် (၉၀)ထိ နေကြရမှာ"

"ကျွန်တော့်တွက်နည်းနဲ့ဆို (၉၅)နှစ် မဟုတ်ဘူးလား"

"ကျွန်တော်တို့ ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့မြဲပြီး အသက်နဲ့လဲ တည်ဆောက်ခဲ့ကြတာမှ မဟုတ်တာ။ အဲဒီ ငါးနှစ်တော့မပေါင်းဘဲ ထားချန်ခဲ့ရအောင်ဗျာ"

"ဘယ်လိုပဲဖြစ်ဖြစ် အသက် (၉၀)တန်းထိ နေရရင်ပဲ ကောင်းလှပါပြီ။ မြတ်ဗုဒ္ဓရဲ့ အသက်ရှည်စွာ အနာမဲ့ရေး ငါးချက်အပြင် အဘိဓမ္မာကိုလေ့လာပြီး သတိပဋ္ဌာန်ကျင့်စဉ်နဲ့ စားတိုင်း၊ သွားတိုင်း၊ လှုပ်ရှားတိုင်း၊ အမှတ်လေးနဲ့နေကြရင် အသက်ရှည်ရှည် ဘဝတိုတိုနဲ့ နိဗ္ဗာန သဿပစ္စယောဟောတုဆိုတဲ့ ဆုတောင်းနဲ့ မည်သူမဆို ပြည့်ဝကြမှာပါ"

"သာဓု ဆရာရေ သာဓု သာဓု"

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေဂုံတိုင် ယုဇနတာဝါ အမှတ်(၈၀၆) နေ နှစ်ဖက်သောမိဘများကို အမှူးထား၍ ဦးမိုးကျော်လွင်–ဒေါ်တိုးတိုးရှိန်၊ သမီး မခိုင်ဖူးဖူးလွင်၊ သား မောင်အောင်ငြိမ်းချမ်းကျော် မိသားစုတို့က သုံးထပ်ဘိုးဘွား ဆေးရုံသစ်ကြီးတည်ဆောက်ရန်အတွက် ငွေကျပ် လေးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ ဘဏ္ဍာရေးမှူးဦးအောင်သန်းသို့ ဇူလိုင်၂၃ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အမှာစကားပြောကြား

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့၏ စီးပွားရေးဆိုင်ရာဟောပြောပွဲသို့တက်ရောက်စဉ်နှင့် သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင် ဂုဏ်ထူးဆောင်ပါမောက္ခ (ငြိမ်း)ဒေါ်လှမြင့် အဖွင့်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးဆိုင်ရာ ဟောပြောပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့က ကြီးမှူး၍ စီးပွားရေးဆိုင်ရာ ဟောပြောပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်၊ စီးပွားရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ်၊ လုပ်ငန်းအဖွဲ့ ခေါင်းဆောင်များ၊ စီးပွားရေးလုပ်ငန်းအဖွဲ့ဝင်များ၊၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ စီးပွားရေးအဖွဲ့တာဝန်ခံများ၊ ဟောပြောပို့ချမည့် စီးပွားရေး ပညာရှင်များ၊ စီးပွားရေး ပညာလေ့လာဆည်းပူးနေကြသော ကျောင်းသား၊ ကျောင်းသူများ၊ စီးပွားရေးလုပ်ငန်း စိတ်ပါဝင်စားသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် စီးပွားရေးလုပ်ငန်းအဖွဲ့ဝင် ဂုဏ်ထူးဆောင်ပါမောက္ခ(ငြိမ်း)ဒေါ်လှမြင့်က အဖွင့်အမှာစကားပြောကြားပြီး ဟောပြောမည့်ပုဂ္ဂိုလ်များနှင့် မိတ်ဆက်ပေးသည်။

ဟောပြော

ထို့နောက် စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်(ငြိမ်း)ဆရာကြီး ဦးမြတ်သိန်းက "မြန်မာ့မက်ခရိုစီးပွားရေး ပတ်ဝန်းကျင်" Macroeconomic Environment of Myanmar အကြောင်းကိုလည်းကောင်း၊ ရန်ကုန် စီးပွားရေးတက္ကသိုလ် စီမံခန့်ခွဲမှု ပညာဌာန ပါမောက္ခဒေါက်တာဒေါ်ခင်စန်းရီက စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွန့်ထွင်ဦးစီးမှု (Business Development and Entrepreneurship) အကြောင်းကိုလည်းကောင်း စိတ်ဝင်စားဖွယ်ရာ အသီးသီးရှင်းလင်းဟောပြောကြသည်။

ဆက်လက်၍ ဟောပြောပွဲတက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ထို့နောက်သဘာပတိက ကျေးဇူးတင်စကားပြောကြားပြီး ဟောပြောကြသူများအား အမှတ်တရ လက်ဆောင်ပစ္စည်းများပေးအပ်ကြကာ ဟောပြောပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အစည်းအဝေးတက်ရောက်ရန် ဘင်္ဂလားဒေ့ရှ်ဝန်ကြီး ရောက်ရှိ

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့၌ကျင်းပမည့် မြန်မာ–ဘင်္ဂလားဒေ့ရှ် ကုန်သွယ်ရေး ပူးတွဲကော်မရှင် (ပထမအကြိမ်) အစည်းအဝေးသို့တက်ရောက်ရန် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Air Vice Marshal (Retd) Altaf Hossain Choudhury ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိလာရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ပြည့်စုံနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. A.B. Manjoor Rahim နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ (သတင်းစဉ်)

ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံရှင်းလင်းဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၅

ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး ကိစ္စနှင့်စပ်လျဉ်း၍ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကိုဇူလိုင်၂၃ရက် ညနေ၄နာရီခွဲတွင် ရန်ကုန်မြို့ ကမ်းနားလမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဆွေးနွေးပွဲခန်းမ၌ကျင်းပရာ အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း၊မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဒုတိယဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သမဝါယမအသင်းများနှင့် ပုဂ္ဂလိကကုမ္ပဏီများမှ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးကိစ္စရပ်များနှင့် ပတ်သက်၍လုပ်ငန်းစဉ်အဆင့်ဆင့် ဆောင်ရွက်မှုကို ရှင်းလင်းပြီးဝန်ကြီးများကသက်ဆိုင်ရာကဏ္ဍအလိုက်ဖြည့်စွက် ဆွေးနွေးရှင်းလင်းကြသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြသန်းက ငွေလွှဲစာတမ်း(L/C)ဖွင့်ရာတွင် သိသင့်သိထိုက်သည်များကို ရှင်းလင်းဆွေးနွေးပြီး ဝန်ကြီး ဦးစိုးသာက နိဂုံးချုပ်စကားပြောကြားသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်း နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ချုပ်တို့ ပူးပေါင်းပြုလုပ်သည့် မြန်မာနိုင်ငံအတွင်း ခရီးသွားလာခြင်း အကောင်းဆုံးစီးပွားရေး အယူအဆနှင့်ပတ်သက်သော နှီးနှောဖလှယ်ပွဲ ပိတ်ပွဲအခမ်းအနားကို ဇူလိုင် ၂၃ရက် ညနေ၅နာရီတွင် ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပသည်။

ရှေးဦးစွာ ထိုင်းနိုင်ငံအပြည်ပြည်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ချုပ်မှ Ms.Warima Photisombut နှင့် Ms.Valapa Burusapat တို့က နှီးနှောဖလှယ်ပွဲတွင် ပါဝင်တက်ရောက်ကြသူများအား ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက်ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့်တာဝန်ရှိသူတို့က နှီးနှောဖလှယ်ပွဲ အောင်မြင်ပြီးဆုံးသည်အထိတက်ရောက်ခဲ့ကြသူများအား အသိအမှတ်ပြု မှတ်တမ်းလွှာများပေးအပ်ကြသည်။ **(အောက်ပုံ)** ဆက်လက်၍နှီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေးပို့ချခဲ့သူများအား မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌဦးခင်ဇော်နှင့်တာဝန်ရှိသူတို့က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြသည်။ (သတင်းစဉ်)

ကွယ်လွန်သူ ဒေါ်ခင်ထွေးရီအားရည်စူး၍ရန်ကုန်မြို့ လမ်းမတော်မြို့နယ် လမ်းမတော်လမ်း အမှတ်(၁၆၉) ဒုတိယထပ်(ဝဲ)နေ ခင်ပွန်းဖြစ်သူဦးညွန့်လှိုင်နှင့် သားသမီးမြေးတစ်စုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရ နဝကမ္မ ငွေပဒေသာပင် ကျပ်တစ်သိန်းကို ဇူလိုင်၇ရက်က ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူးလှသိန်း(ငြိမ်း)က လက်ခံယူစဉ်။ (က–ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီက ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးကျင်းပမည့် ၂၀၀၄ ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲများကို ဩဂုတ်၂ ရက်မှ ၁၁ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဖလားပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး လက်နက်မဲ့ သိုင်းအတိုက် ပြိုင်ပွဲနှင့် အမျိုးသား၊ အမျိုးသမီးလက်နက်ဖြင့်သိုင်း (ဖိလစ်ပိုင်အားနစ်တုတ်တိုသိုင်း) ပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ၂၀၀၄ ခုနှစ် (၂၁)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း သိုင်းပြိုင်ပွဲတွင် ယခင်နှစ်ကကျင်းပခဲ့သော ပြိုင်ပွဲ–ပွဲစဉ်များ ပါဝင်မည်ဖြစ်သည်။

အသေးစိတ်မေးမြန်းနိုင်

အဆိုပါ သိုင်းပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် သိုင်းအသင်းများသည် ဇူလိုင်၃၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးလှဦးထံသို့ အမည်စာရင်းများ ပေးသွင်းကြပြီး ပြိုင်ပွဲများနှင့် ပတ်သက်၍ အသေးစိတ် မေးမြန်းနိုင်သည်။ (ကြေးမုံ)

ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၆) အခြေခံပညာ မူလတန်းကျောင်း ၂၀၀၃–၂၀၀၄ ခု ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၂၄ရက်က ကျင်းပရာ တတိယတန်း ပထမဆုရ မယဉ်မင်းဦးအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းသိန်းမြင့်က ဆုချီးမြှင့်စဉ်။ (က–ပ)

သန်လျင်–ကျောက်တန်း စက်မှုဇုန်ကို လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခုဖြစ်လာအောင် လိုအပ်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးခဲ့

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) အတွင်းရှိ မြေအနေအထားကို ရှုရပ်မှ ကြည့်ရှုစဉ်။ (သတင်းစဉ်)

✻ ရှေ့ဖုံးမှ

သန်လျင်–ကျောက်တန်းစက်မှုဇုန်ကို လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးမှအစ နိုင်ငံတကာအဆင့်မီ စက်မှုဇုန်တစ်ခု ဖြစ်လာအောင် လိုအပ်သည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ကြောင်း။

စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှသာ နိုင်ငံတော်၏ စီးပွားရေး အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းမှာ ဖြစ်သည့်အတွက် စက်မှုဇုန်လုပ်ငန်းများ စနစ်တကျ ဖြစ်ထွန်းရေးသည် နိုင်ငံတော်၏ စီးပွားရေးအတွက် လွန်စွာ အရေးကြီးကြောင်း။

အလေးပေးလေ့လာခဲ့

ယခု ဇူလိုင်လအတွင်း မိမိအနေဖြင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအတွင်း အရှိန်အဟုန်ဖြင့် တိုးတက်ဖြစ်ထွန်းနေသည့် စက်မှုဇုန်ကြီးများကို အလေးပေး လေ့လာခဲ့ကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကြီးအကဲများ၊ နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်များ၊ စက်မှုဇုန်တာဝန်ခံများနှင့် တွေ့ဆုံခဲ့ရာတွင်လည်းကောင်း၊ ချစ်ကြည်ရေးခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးရာတွင်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ဆွေးနွေးခဲ့ကြကြောင်း။

နိုင်ငံတကာအဆင့်မီ

သန်လျင်–ကျောက်တန်း စက်မှုဇုန်သည် နိုင်ငံတကာအဆင့်မီ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းနိုင်သည့် အခြေခံကောင်းများရှိထားပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ သန်လျင်–ကျောက်တန်းစက်မှုဇုန်ကို နိုင်ငံတကာအဆင့်မီ အထူးစက်မှုနယ်မြေတစ်ရပ်အဖြစ် ဖြစ်ထွန်းလာရေးအတွက် စနစ်တကျ ပင်မစီမံကိန်းတစ်ရပ်ရေးဆွဲပြီး အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတကာအဆင့်မီ အထူးစက်မှုဇုန်ကြီး ပီပီပြင်ပြင်ဖြစ်ထွန်းလာသည်နှင့် အမျှ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုနိုင်မည်ဖြစ်ရာ တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက နိုင်ငံတော်၏အကျိုး၊ ပြည်သူများ၏အကျိုး တိုးတက်ဖြစ်ထွန်းရေးကိုရှေးရှုပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရန်မှာကြားလိုကြောင်း။

အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်းဒေသ) (Special Industrial Park Thanlyin-Kyauktan) ကို နိုင်ငံတကာအဆင့်မီ စက်မှုနယ်မြေတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းရေးအတွက် မိမိတို့လုပ်ငန်းအပိုင်းကဏ္ဍအလိုက် ဆောင်ရွက်ဖွယ်ရာများ ဆောင်ရွက်သွားကြရန်နှင့် အကြံပြုဆွေးနွေးလိုသည်များလည်း ပွင့်လင်းစွာဆွေးနွေးကြရန်ပြောကြားသည်။

ယင်းနောက် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်းက အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ)၏ နယ်နိမိတ်အကျယ်အဝန်း၊အထူးစက်မှုနယ်မြေအတွင်း မြေယာအသုံးပြုမှု အခြေအနေ၊ အထူးစက်မှုနယ်မြေစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည့် အစီအမံများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦးက အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်းဒေသ)အတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာဖြန့်ဖြူးပေးရန် မဟာဓာတ်အားလိုင်းစနစ်မှ ထပ်မံတိုးချဲ့ဖြည့်ဆည်းပေးမည့် အစီအစဉ်များကို မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးခင်ဇော်က စက်မှုနယ်မြေဝန်းကျင်ရှိ ဘန့်ဘွေးကုန်းဆည်၊ သီလဝါဆည်နှင့် ဇာမဏီအင်းဆည်တို့မှ အထူးစက်မှုနယ်မြေအတွင်း ရေပေးဝေနိုင်မည့် အခြေအနေနှင့် တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ဖွံ့ဖြိုးတိုးတက်ရေး

ဆက်လက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသော အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအလိုက် ဆက်လက်ဆောင်ရွက်ကြမည့် လုပ်ငန်းအစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တင်ပြချက်များအပေါ် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နံနက် ၁၁နာရီ မိနစ် ၂၀ တွင် ရုပ်သိမ်းလိုက်သည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ)အတွင်းရှိ မြေအနေအထားများကို ရှုရပ်မှ ကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်သို့ရောက်ရှိကြရာ ပါမောက္ခချုပ် ဦးသိန်းထွန်းနှင့်ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရေကြောင်းပညာတက္ကသိုလ် ခန်းမဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ ကျောင်းသားများ လက်ခံသင်ကြားနေမှု အခြေအနေ၊ သင်တန်းနှစ်အလိုက် အထူးပြုဘာသာရပ်များ သင်ကြားပေးနေမှု၊ အထူးပြုဘာသာရပ်အလိုက် ဆရာ၊ဆရာမများ ခန့်ထားမှု၊ ပြည်ပသို့ သင်တန်းများ စေလွှတ်ခဲ့မှုနှင့် ဆက်လက်စေလွှတ်ရန် စီစဉ်ထားမှု အခြေအနေ၊ ကျောင်းအဆောက်အအုံများ တည်ဆောက်ထားမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် အစီအမံများနှင့် စပ်လျဉ်း၍ Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဦးသိန်းထွန်းက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးကိစ္စရပ်များ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဂါရဝပြု

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ Training of the Trainers အစီအစဉ်အရ မဟာဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ၊ ဆရာမများက တစ်ဦးချင်း ဂါရဝပြု မိတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာဘွဲ့လွန်သင်တန်းတက်ရောက်နေကြသည့် ဆရာ၊ ဆရာမများကိုယ်စား Nautical Science ဘာသာရပ်ဖြင့် မဟာဘွဲ့လွန်သင်တန်းတက်ရောက်နေသည့် ဦးထင်အောင်ကျော်က ကျေးဇူးတင်စကား ပြောကြားပြီး ဂါရဝလက်ဆောင်ပေးအပ်သည်။

ယင်းနောက် Golden Flower Co., Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်ထွေးက Theatre၊ Klork Shop ၊ ရေယာဉ်တည်ဆောက်ရေးရုံး၊ ဝန်ထမ်းအိမ်ရာများ၊ ပစ္စည်းသိုလှောင်ရုံနှင့် ယာဉ်ရပ်နားလွှင်ပြင်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လက်ရှိလိုအပ်ချက်အရ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို ဦးစားပေးပြီး Master Plan အတိုင်း လိုအပ်ချက်အပေါ်မူတည်ပြီး လိုအပ်ချက်အလိုက် ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ မဟာဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ၊ ဆရာမများက ဗုဒ္ဓဘာသာ ဓလေ့ထုံးစံနှင့်အညီ ဂါရဝပြုကန်တော့ကြသည်။

အားထုတ်ကြိုးစား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ပညာတော်သင် ဆရာ၊ ဆရာမများအား ယခုကဲ့သို့ အဆင့်မြင့်ပညာရပ်များ ပြည်ပတွင် ဆက်လက်

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးအောင်ဝင်း အထူးစက်မှုနယ်မြေ(သန်လျင်–ကျောက်တန်းဒေသ)၏ နယ်နိမိတ်အကျယ်အဝန်း၊ မြေယာအသုံးပြုမှုနှင့် အထူးစက်မှုနယ်မြေစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန်းဦး အထူးစက်မှုနယ်မြေ (သန်လျင်–ကျောက်တန်းဒေသ) အတွက် လျှပ်စစ်ဓာတ်အား လုံလောက်စွာဖြန့်ဖြူးပေးနိုင်ရန် စီမံထားရှိမှုများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရှင်းလင်း တင်ပြ

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့ တောင်ပေါ်စေတီ အာရုံခံတန်ဆောင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော ပါဒကြီးဒေသနှင့် ဇုတ်သုတ်ဒေသ၌ ဂဝံယဉ်ကျေးမှု အထောက်အထားများ ရှာဖွေဖော်ထုတ် သုတေသနပြုနေမှုတို့ကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သောဒေသများမှ ရှေးဟောင်းအထောက်အထားများကို စနစ်တကျမှတ်တမ်းတင် သမိုင်းပျောက်ပြီး ဒဏ္ဍာရီဖြစ်နေရသည့်ဖြစ်ရပ်များကို သုတေသနပြုပြီး သမိုင်းကြောင်း ပြန်လည်ဖော်ထုတ်

လေ့လာသင်ယူခွင့်ရရှိသည့် အချိန်အခါတွင် မိမိတို့ လေ့လာသင်ယူရသည့် ပညာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် အားထုတ်ကြိုးစား လေ့လာကြရန် မှာကြားလိုကြောင်း။

မိမိတို့ သင်ယူတတ်မြောက်လာမည့် အဆင့်မြင့်ပညာရပ်များကိုလည်း နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများတွင် ထိရောက်အကျိုးရှိစွာ အသုံးချသွားမည်၊ နောင်အနာဂတ်ကာလတွင် အမိ ရေကြောင်းပညာတက္ကသိုလ်ကြီးက ရေကြောင်းနှင့် ရေယာဉ်ဆိုင်ရာပညာရပ်များရေးအတွက် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltd တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ဖူးမြော်ကြည်ညို

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ညနေ ၃နာရီတွင် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ဆွေးနွေးမှာကြားပြီး နှစ်ပရိစ္ဆေဒကြာမြင့်သဖြင့် သမိုင်းပျောက်ပြီး ဒဏ္ဍာရီဖြစ်နေရသည့် ဖြစ်ရပ်များကို ခိုင်မာသည့်အထောက်အထားများ သုတေသနပြုပြီး သမိုင်းကြောင်းကို ပြန်လည်ဖော်ထုတ်သွားရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ဖူးမြော်ကြည်ညိုကာ ညနေ ၄နာရီတွင် ကျောက်တန်းမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက္ကမော့တောင်ပေါ်စေတီတော်မှ ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သွားရောက်၍ မဟာဘွဲ့လွန်သင်တန်း တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံသို့ ခေတ္တပြန်လည်ရောက်ရှိနေကြသည့် ဆရာ၊ ဆရာမများအား မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၌ တွေ့ဆုံ အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

တတ်သိကျွမ်းကျင်သည့် မျိုးဆက်သစ် အသိပညာရှင်များ မွေးဖွားသန့်စင်ပေးရန်အတွက် မိမိတို့တွင် တာဝန်ရှိသည့်အလျောက် ယင်းသို့ မျိုးဆက်သစ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ ကျေးဇူးကို ပြန်လည်ပေးဆပ်မည်ဆိုသည့် သဘောထားခံယူချက်ဖြင့် ကြိုးစားအားထုတ်လေ့လာသင်ယူကြရန် မှာကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပင်မဆောင် တတိယထပ်ရှိ e-Resource Centreသို့ သွားရောက်၍ iP Starတပ်ဆင်ထားပြီး Internet နှင့် Ship Design Software, Engineering Application Softwares များ အသုံးပြု၍ ကျောင်းသားများ၏ လေ့ကျင့်သင်ကြားနေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အတွင်းရှိ စာသင်ဆောင်များနှင့် ကျန်းမာရေးဆေးခန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် Silver Wave Trading Ltdတို့၏ နည်းပညာလွှဲပြောင်းမှုအစီအစဉ်အရ တည်ဆောက်ဆဲနှင့် ဆက်လက်တည်ဆောက်မည့် FRP ရေယာဉ်ပုံစံများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယာယီအလုပ်ရုံသို့သွားရောက်၍ ရေယာဉ် တည်ဆောက်ထုတ်လုပ်ရန်အတွက် မိုသွန်းလောင်းမည့် ပုံစံခွက်များ ပြုလုပ်ထားမှုကို ကြည့်ရှုသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် လူစီးမြစ်ကြောင်းသွား အမြန်ရေယာဉ်၊ ကမ်းရိုးတန်းသွား အမြန်ရေယာဉ်၊ Police Patrol Boat၊ မီးသတ် Fibre Boatနှင့် Navy Boat များ တည်ဆောက်ကျိုက္ကမော့တောင်ပေါ်စေတီသို့ ရောက်ရှိကြပြီး ရှေးဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။

ယင်းနောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုပြီး အာရုံခံတန်ဆောင်းသို့ ရောက်ရှိကာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်ပူဇော်သည်။

ထို့နောက် နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များအား အာရုံခံတန်ဆောင်း၌ ယဉ်ကျေးမှုဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ကြည်အောင်က ဂဝံယဉ်ကျေးမှုထွန်းကားခဲ့သော ပါဒကြီးဒေသနှင့် ဇုတ်သုတ်ဒေသတို့တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက သုတေသနပြု ဖော်ထုတ်ဆောင်ရွက်နေမှု၊ သန်လျင်မြို့နယ်နှင့် ကျောက်တန်းမြို့နယ်အတွင်း ပါဒကြီးဒေသဝန်းကျင်၌ ဂဝံ ယဉ်ကျေးမှု အထောက်အထားများကို ရှာဖွေဖော်ထုတ်သုတေသနပြုရန်အတွက် ၂၄နေရာ ကွင်းဆင်းတူးဖော် ဆောင်ရွက်နေမှု၊ ၂၀၀၂ ခုနှစ်မှ စတင်၍ တူးဖော်လျက်ရှိသည့် နေရာလေးနေရာတွင် ရှေးဟောင်း ဂဝံယဉ်ကျေးမှု လက်ရာများဖြစ်သည့် ဂဝံ ရုပ်ပွားတော်များ၊ ဂဝံကျောက်တိုင်လုံးကြီးများ တူးဖော်တွေ့ရှိမှုတို့ကို ဓာတ်ပုံမှတ်တမ်းများနှင့်တကွ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရှေးဟောင်းသုတေသနဦးစီးဌာနမှ သုတေသနအရာရှိ ဦးသန်းဇော်ဦးက ရှေးဟောင်းဂဝံယဉ်ကျေးမှုထွန်းကားခဲ့သည့် ပါဒကြီးဒေသမှ ကုန်းဟောင်းများတွင် ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောက်တန်းပါဒကြီးဒေသအတွင်း ဂဝံဗုဒ္ဓရုပ်ပွားတော်များနှင့် ရှေးဟောင်းသိမ်များ တူးဖော်တွေ့ရှိမှုများကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဟန်က ဂဝံ ယဉ်ကျေးမှုထွန်းကားခဲ့သော သမိုင်းကြောင်း၊ အထောက်အထားများအား ရှာဖွေဖော်ထုတ်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဂဝံယဉ်ကျေးမှု ထွန်းကားခဲ့သော ဒေသအသီးသီးတို့မှ သုတေသနပြုတွေ့ရှိသည့် ရှေးဟောင်းအထောက်အထားများကို စနစ်တကျမှတ်တမ်းတင်ထားရှိရေး၊ တူးဖော်တွေ့ရှိချက်များကို စာတမ်းများ ပြုစုထားရှိရေး

မြန်မာနယူးစ်ဂျေကျာနယ် အတွဲ(၁)၊ အမှတ်(၁၁)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၅

အယ်ဒီတာချုပ် ကိုကို (စက်မှုတက္ကသိုလ်) တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂျေကျာနယ် အတွဲ(၁)၊ အမှတ်(၁၁)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် ကလေးတွေ ကွန်ပျူတာကို သတိထားသုံး၊ ဆယ်ကျော်သက်အရွယ်များ ကွန်ပျူတာကြောင့် အမြင်အာရုံချို့ယွင်းမှု တိုးပွားလာနေ၊ ရွှေလင်ပန်း စက်မှုမြို့ နှစ်ကုန်ပိုင်းတွင် လုပ်ငန်းအားလုံး စတင်လည်ပတ်နိုင်တော့မည်၊ အရှေ့–အနောက် စီးပွားရေးစင်္ကြံ ပေါ်ထွန်းလာတော့မည်၊ အာရှပေါင်းကူး ခရီးသွား–ယဉ်ကျေးမှုပွဲတော် မြန်မာတက်၊ မြန်မာကလာအိုနှင့် အမြန်လမ်းမဖောက်ကာ ဗီယက်နမ်နယ်စပ်နှင့် ကုန်းလမ်းဆက်သွယ်လို၊ အဝေးသင်တက္ကသိုလ်စာမေးပွဲများ သင်ထောက်ကူဌာနများတွင် စစ်ဆေးရန်အစီအစဉ်ရှိ၊ စီးပွားရေးတက်လာသဖြင့် အိန္ဒိယတွင် ကားဝယ်လိုအား မြင့်မားလာ၊ အာရှကျောင်းသားအများစု ဩစတြေးလျတက္ကသိုလ်များ တက်ရောက်သင်ကြားသူ သိသိသာသာတိုးပွား၊ သည်လောက် ကြောက်စရာကောင်းတာတောင် စီးကရက်ဆက်သောက်ဦးမှာလား၊ ပိုက်ဆံအိတ် မိုဘိုင်းဖုန်း၊ အလွန်ဆုံး နောက်ဆယ်နှစ်အကြာမှာ ဒီဗီဒီတွေခေတ်ကုန်မည်ဟု ဘီလ်ဂိတ်ပြော၊ အာကာသထဲ ရုပ်ကြွင်းပြာများ သင်္ဂြိုဟ်မည့် ပြာတစ်ဂရမ် ဒေါ်လာ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆–၇–၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆ... တော်ကြီး၊ နိုင်ငံတော် ... မဟာနာယကအဖွဲ့ အက... တော်ဆောင်ချုပ်၊ အဘိ... မဟာရဋ္ဌဂုရု၊ အဘိဓဇ ... မဟာ သဒ္ဓမ္မ ဇောတိက... တိပိဋကဓရ ဓမ္မဘဏ္ဍာ... ဂါရိက ဆရာတော် ဘဒ္ဒ... ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့...

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေ...

၇:၅၅ ၅။ ပြည်ထောင်စုတိုင်းရင်းသ... ရိုးရာ တေးသံသာ

၈:၀၅ ၆။ ချစ်စရာ့အရွယ်ကကြိုးသွ...

၈:၁၀ ၇။ ကျောင်းသာရေလှောင်တမံ

၈:၃၀ ၈။ International News...

၈:၄၅ ၉။ Let's Go.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်... ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice in Reading...

၄:၄၅ ၄။ တေးဂီတအစီအစဉ်

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ်ပည... ရုပ်မြင်သံကြားသင်ခန်းစ... – တတိယနှစ် (ရုက္ခဗေဒအထူးပြု) (ရုက္ခဗေ...

၅:၁၀ ၆။ အကပဒေသာ

၅:၂၅ ၇။ လက်ဆင့်ကမ်းပေး ဂီတ...

၅:၃၅ ၈။ မြန်မာ့ရိုးရာ တောဓလေ့... ကျေးလက်တေးသံများ

၅:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်... တေးဂီတအဖွဲ့ ဖျော်ဖြေ...

၆:၀၀ ၁၀။ Discovery.

၆:၁၀ ၁၁။ **နိုင်ငံခြားဇာတ်လ... မျောက်မင်းဝူခုန်း (အပိုင်း–၉)**

၆:၃၀ ၁၂။ ညနေခင်းသတင်း

၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၄။ မြန်မာစာ၊ မြန်မာစကား

၇:၂၀ ၁၅။ စက်မှုစွမ်းအား ခေတ်ကျေ...

၇:၃၀ ၁၆။ တေးဂီတအစီအစဉ်

၈:၀၀ ၁၇။ ပြည်တွင်းသတင်း

၁၈။ နိုင်ငံတကာသတင်းများ

၁၉။ မိုးလေဝသအခြေအနေ

၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ တစ်ရံရောအခါ (အပိုင်း–၇)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

တစ်ထောင်နှုန်း ကျသင့် စ... သတင်းများ၊ နယ်စပ်ကုန်သွ... နှင့် ကုန်စည်ဒိုင်ဈေးနှုန်းသတင်... အားလပ်ရက် အပန်းဖြေအ... နိုင်ငံတကာ ပညာရေးမိတ်ဆက်... များဖြင့် ဝေဝေဆာဆာ ဖော်ပြ... က e-Empire Media H... ဖုန်း–၇၀၃၈၁၃ က တစ်ပြည်... ဖြန့်ချိသည်။ (ဂ...

● **ကျောဖုံးမှ**

ယင်းနောက် ဆေးရုံညွှန်ခန်း၌ မွန်ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူးက မွန်ပြည်နယ်အတွင်း ကျန်းမာရေးပြုစုစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ တိုက်နယ်ဆေးရုံအောက်ရှိ ကျန်းမာရေးဌာနများ၏ ကျေးလက် ကျန်းမာရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက အမှာစကားပြောကြားရာတွင် လူ့လောက၌ ကျန်းမာရေးသည် အဓိက အကျဆုံး လိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကျန်းမာသန်စွမ်းသော လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ပြည်သူများ ကျန်းမာသန်စွမ်းကြမှသာ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းများကို အားသွန်ခွန်စိုက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လူတိုင်း သက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေး၊ လူတိုင်း ရောဂါဘယ ကင်းရှင်းရေးဟူသော ရည်မှန်းချက်နှစ်ရပ်ကို ကျေးလက်ဒေသ အောက်ခြေအထိ ကျန်းမာရေးပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာ ကုသမှုပေးခြင်းဟူသော နည်းနာသုံးရပ်ဖြင့် အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ထို့အတူ အမျိုးသားကျန်းမာရေးစီမံကိန်းများ၊ ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေးစီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

အလေးထားဆောင်ရွက်

ထို့ကြောင့် ကျန်းမာရေးဝန်ထမ်းများသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်အောင်မြင်ရေးနှင့် နိုင်ငံတော်အတွက် ကျန်းမာကြံ့ခိုင်သော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးတို့အတွက် အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-မော်လမြိုင် ပြည်ထောင်စုလမ်းမကြီးအတိုင်း ဆက်လက်ထွက်ခွာကြကာ မိုင်တိုင်အမှတ် (၉၂/၅)ရှိ စစ်တောင်းကျေးရွာ အဝင်လမ်းသို့ ရောက်ရှိကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် စစ်တောင်းကျေးရွာအဝင်လမ်းပေါ်ရှိ ရထားလမ်းကျော်ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးနေမှုကို ကြည့်ရှုစစ်ဆေးရာ တည်ဆောက်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက လမ်းတံတားတည်ဆောက်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားသည်။

အဆိုပါတံတား ပြီးစီးပြီဖြစ်၍ စစ်တောင်းရွာမှ ပြည်ထောင်စုကားလမ်းပေါ်သို့ သွားလာရာတွင် ဒေသခံပြည်သူ၊ကျောင်းသား၊ကျောင်းသူများ အလွယ်တကူဖြင့် မီးရထားအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်တော့မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထို၊ သထုံမြို့များမှတစ်ဆင့် ကရင်ပြည်နယ် ဘားအံမြို့သို့လည်းကောင်း၊ ဘားအံမြို့မှ ဘားအံ-လှိုင်းဘွဲ့လမ်းမှတစ်ဆင့် ရွှေဂွန်းမြို့သို့ သွားရောက်နိုင်သည့် သစ္စာလမ်းမကြီးသို့လည်းကောင်း ရောက်ရှိကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် သစ္စာလမ်းမကြီးတစ်လျှောက် လမ်းနှင့်တံတားငယ်များအခြေအနေ၊ လမ်းဘေးဝဲ/ယာရှိ မိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်မှု အခြေအနေတို့ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို စစ်တောင်းကျေးရွာအဝင် လမ်းပေါ်ရှိ ရထားလမ်းကျော် ကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ညနေပိုင်းတွင် လှိုင်းဘွဲ့မြို့နယ် တဝန်ဖန်ရကျေးရွာရှိ တောင်သူ ဦးပယ်ရှင်း၏ လယ်မြေ၌ ကျင်းပသည့် လှိုင်းဘွဲ့မြို့နယ် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါး စိုက်စနစ်မှန်စိုက်ပျိုးရေး သရုပ်ပြခြင်းနှင့် လယ်ယာ(၁၆)လက်တွန်းထွန်စက် သရုပ်ပြခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များအား ကရင်ပြည်နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးကျော်သိန်း၊ ဘားအံခရိုင် စိုက်ပျိုးရေးမန်နေဂျာ ဦးမင်းဦး၊ လှိုင်းဘွဲ့မြို့နယ် စိုက်ပျိုးရေး မန်နေဂျာ ဦးစိုးမောင်နှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသနေတိုင်းရင်းသား ပြည်သူများက ကြိုဆိုကြသည်။

ထို့နောက် သရုပ်ပြပွဲ အခမ်းအနားကို ကျင်းပရာ အစီအစဉ်အရ ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက ဘားအံခရိုင် ၂၀၀၄-၂၀၀၅ခုနှစ် မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ ကရင်ပြည်နယ်၏ ရည်မှန်းချက်ဖြစ်သော မိုးစပါးဧက ငါးသိန်းစိုက်ပျိုးရေး အစီအစဉ်အရ ဘားအံခရိုင်မှ ၂၆၇၈၅ ဧက တိုးချဲ့ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ ခရိုင်အတွင်းရှိ ဘားအံ၊ လှိုင်းဘွဲ့၊ ဖားပွန်နှင့် သံတောင်မြို့နယ်များ၏ မိုးစပါးစိုက်ပျိုးမှုနှင့် လယ်မြေတိုးချဲ့ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင် စိုက်ပျိုးရေး မန်နေဂျာက ဘားအံခရိုင်၏ မိုးစပါးစိုက်ပျိုးမှုအခြေအနေ၊ စပါးအထွက်နှုန်းတိုးရေးအတွက် မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးမှု၊ စိုက်ပျိုးစနစ်မှန်ကန်ရေး အသိပညာပေးမှုနှင့် စပါးစိုက်ဧက တိုးတက် ဖော်ထုတ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

မိုးစပါး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက ကရင်ပြည်နယ်ကို မိုးစပါးဧက ငါးသိန်းပြည့်မီအောင် ဆောင်ရွက်သွားရန် သတ်မှတ်ပေးထားပြီးဖြစ်ရာ ဘားအံခရိုင်အနေဖြင့် မိုးစပါးစိုက်ပျိုးရန် လျာထားချက်၏ ၆၄ရာခိုင်နှုန်း စိုက်ပျိုးပြီးဖြစ်သည်ဟု သိရှိရကြောင်း၊ ကရင်ပြည်နယ်တွင် ဘားအံခရိုင်သည် လက်ရှိမိုးစပါး စိုက်ပျိုးဧက အများဆုံးဖြစ်သကဲ့သို့ ၂၀၀၄-၂၀၀၅ ခုနှစ်အတွက် မိုးစပါး တိုးမြှင့်စိုက်ဧကလျာထားမှုတွင်လည်း အများဆုံးဖြစ်သည်ကို တွေ့ရကြောင်း။

မိမိဒေသ ဆန်ဖူလုံရေးသာမက ပိုလျှံအောင် ရည်မှန်းချက်ထား၍ စိုက်ပျိုးထုတ်လုပ်ကြရန်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်းဖြစ်သည့် တစ်ဧကတင်း ၁၀၀ ထွက်ရှိအောင်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး နည်းလမ်းလေးသွယ်ဖြစ်သည့် စိုက်စနစ်မှန်ကန်ရေး၊ သီးနှံအလိုက် အထွက်ကောင်းမျိုးသုံးစွဲရေး၊ ဓာတ်မြေဩဇာနှင့် ဒေသထွက် မြေဩဇာ ပေါင်းစပ်သုံးစွဲရေးနှင့် သီးနှံအလိုက် ရေတော်မိုးတော် စိုက်ဧကများ တိုးတက်ဖြစ်ပေါ်ရေး နည်းလမ်းများကို လိုက်နာဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ လိုအပ်ချက်များကို စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်သွယ်၍ အကြံဉာဏ်တောင်းခံ ဆောင်ရွက်သွားကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ကွင်းဆင်းကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် SRI Method ခေတ်သစ် ပျိုးထောင်စနစ်၊ ခေါင်နှံဖြင့် အစေ့ချစိုက်ပျိုးစနစ်၊ တိုက်ရိုက်အစေ့ချ နည်းစနစ်များဖြစ်သော အစုအလိုက်၊ ကြွက်မြီးတန်းနှင့် အစေ့ချ ကိရိယာသုံး အစေ့ချစိုက်စနစ်များ၊ ပျိုးထောင်စိုက်စနစ်ဖြစ်သည့် ခြောက်တန်း တစ်တန်းလှပ်စနစ်၊ တစ်တန်းနှင့် တစ်တန်းကိုးလက်မ၊ တစ်ပင်နှင့် တစ်ပင်လေးလက်မထားရှိ စိုက်ပျိုးနည်းစနစ်များ သရုပ်ဖော် စိုက်ပျိုးမှုများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ထုတ်လုပ်သော လယ်ယာ(၁၆) လက်တွန်းထွန်စက်များအား ကြည့်ရှုစစ်ဆေးပြီး သရုပ်ပြပွဲ အခမ်းအနားမှ ပြန်လည်ထွက်ခွာသွားသည်။ (သတင်းစဉ်)

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များအား လှည့်လည်စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးကြပ်မတ်ရေးကော်မတီဥက္ကဋ္ဌ၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ကော်မတီဝင်များဖြစ်ကြသော ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး၊ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်လှရွှေ၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ၊ စစ်ထောက်ချုပ်ရုံးမှ ဗိုလ်မှူးကြီးတင်ရွှေ၊ ရဲရေးချုပ် ရဲမှူးချုပ်စိုးမြင့်ထွန်း၊ တပ်ထိန်းတပ်(လေ)တပ်မှူး ဗိုလ်မှူးလှမြင့်ဦး၊ အမှတ်(၂)စက်မှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်၊ ညွှန်ကြားရေးမှူးများ၊ ကော်မတီအတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိန်လှ၊ တွဲဖက်အတွင်းရေးမှူး ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအောင်နိုင်တို့ လိုက်ပါလျက် ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စစ်ဆေးရေးအဖွဲ့များက တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာမော်တော်ယာဉ်များ သွားလာသုံးစွဲမှု စစ်ဆေးနေကြသည်တို့ကို လှည့်လည်စစ်ဆေးကြပ်မတ်ကြသည်။ **(အပေါ်ပုံ)**

နိုင်ငံတော်အစိုးရပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သော ယနေ့တွင် စစ်ဆေးရေးအဖွဲ့များသည် နံနက် ၇နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့၏ အဓိကအချက်အချာကျသော နေရာများ၌ တပ်မတော်မော်တော်ယာဉ်များနှင့် ဌာနဆိုင်ရာ မော်တော်ယာဉ်များ သွားလာသုံးစွဲရာတွင် မော်တော်ယာဉ်မသုံးစွဲရနေ့ စည်းကမ်းချက်များဖြစ်သည့် သက်ဆိုင်ရာတပ်၊ ဌာနများ၏ မော်တော်ယာဉ်သုံးစွဲခွင့်လက်မှတ် (Dry Day Pass)၊ ယာဉ်မောင်းလိုင်စင်၊ ယာဉ်လိုင်စင်(ဝီးတက်)နှင့် ဌာနဆိုင်ရာဝတ်စုံများ ဝတ်ဆင်ခြင်းတို့ကို လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်မှုများကိုပါ စစ်ဆေးကြသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆-၇-၂၀၀၆ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။	လက်စွမ်းပြဟန်ဂီတသံ
၄:၂၅	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅	၆။	မျိုးချစ်တပ်မတော်
၄:၄၅	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀	၈။	**အဆေးသင်ပညာရေးပို့ချမှု အစီအစဉ်** – The Nature of Jursprudence ဒုတိယနှစ်-ဥပဒေပညာအထူးပြု
၅:၃၀	၉။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၅	၁၀။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၂။	နိုင်ငံတကာသတင်း
၆:၂၀	၁၃။	မိုးလေဝသသတင်း
၆:၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀	၁၅။	မြန်မာ့ရှုခင်း
၆:၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀	၁၇။	မေးမြန်းစူးစမ်း
၇:၀၀	၁၈။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မျက်ရည်မိုး" (အပိုင်း-၉)**
၈:၀၀	၁၉။	မြဝတီရုပ်မြင်သံကြားသတင်း
	၂၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၁။	လျှပ်တစ်ပြက်ရိုက်ချက်
	၂၂။	တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၃။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အမှန်တရားဘက်ကလှုပ်ရှားခြင်း" (အပိုင်း-၂၄)**
	၂၅။	သင့်အတွက်မနက်ဖြန်
	၂၆။	အပိတ်နှုတ်ဆက်စကား
	၂၇။	ပြီးပါပြီ။

သထုံအသင်းမှ သီရိဝေလာ ပရိယတ္တိ စာသင်တိုက်၌ ဆရာတော်၊သံဃာတော် အရှင်သူမြတ်များအား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ နိုင်ငံတော်မှ ချီးမြှင့်သည့် ဘွဲ့တံဆိပ်တော်ရ သထုံဆရာတော်ကြီးများအား ဂုဏ်ပြုပွဲနှင့် အသက်(၇၅)နှစ်အထက်အသင်းသား၊ အသင်းသူများအား ပူဇော်ကန်တော့ပွဲကို ဇူလိုင် ၂၅ ရက်က စမ်းချောင်းမြို့နယ် ကိုးထပ်ကြီးဘုရားဝင်းရှိ သန္တိသုခဓမ္မာရုံကြီး၌ကျင်းပရာ အသင်းအတွက် အလှူငွေကျပ်တစ်သိန်းကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က အသင်းဥက္ကဋ္ဌ ဦးစောလွင်သို့ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့် ပြည်နယ်နှင့်တိုင်း လူသစ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲတက်ရောက်

ရန်ကုန် ဇူလိုင် ၂၅

၂၀၀၄ ခုနှစ် ပဌမအကြိမ်မြောက် အားကစားဝန်ကြီးဌာန ဝန်ကြီးဖလား ပြည်နယ်နှင့်တိုင်းအသက်(၂၁)နှစ်အောက် လူသစ်တန်းဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ညနေ ၃နာရီတွင် ရောဝတီတိုင်း ပုသိမ်မြို့ တိုင်းအားကစားကွင်း၌ ကျင်းပရာ ရောဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းနှင့်ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်း ၁၆သင်းမှ အုပ်ချုပ်သူ၊ နည်းပြနှင့် အားကစားသမားများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာနှင့် ပန်းဖွားအဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်း နေရာယူကြပြီး ဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြိုင်ပွဲကိုကျင်းပရာ ရောဝတီတိုင်းက မန္တလေးတိုင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ပြိုင်ပွဲကို ဇူလိုင် ၂၄ရက်မှစ၍ ကျင်းပပြီး ပုသိမ်ဇုန်၊ မြောင်းမြဇုန်၊ ဟင်္သာတဇုန်နှင့် မအူပင်ဇုန်တို့၌ ပထမအဆင့် အုပ်စုပွဲစဉ်များကို ဩဂုတ် ၁ရက်အထိ လည်းကောင်း၊ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များကို ပုသိမ်မြို့နှင့် ဟင်္သာတမြို့တို့၌ ဩဂုတ်၄ရက်နှင့် ၅ရက်တို့တွင် လည်းကောင်း၊ အကြိုဗိုလ်လုပွဲများကို ဩဂုတ် ၇ရက်နှင့် ၈ရက်တို့တွင် လည်းကောင်း၊ ဗိုလ်လုပွဲကို ဩဂုတ် ၁၀ရက်တွင်လည်းကောင်း ပုသိမ်မြို့၌ ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

သမထဝိပဿနာ ၁၀ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၂၅

ကျေးဇူးရှင် လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာသက်ကြီး၏ ကိုယ်တွေ့ဉာဏ်မြင် သမထဝိပဿနာအလုပ်ပေးတရားတော်မြတ်ကြီးကို ကမ္မဋ္ဌာန်းနည်းပြဆရာ ဦးကျော်နိုင်ထွန်းက ဇူလိုင် ၃၀ရက်မှ ဩဂုတ် ၈ရက်အထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၅နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ် ၂၉ ဒုတိယလွှာတွင် ဓမ္မဒါနပြုမည်ဖြစ်ရာ မည်သူမဆိုလာရောက်အားထုတ်နိုင်ကြောင်း သိရသည်။ (က-ပ)

ဇူလိုင် ၂၄ရက်က ရန်ကုန်မြို့အတွင်းရှိ ပရိယတ္တိစာသင်တိုက်ကျောင်း ၇၈ကျောင်းမှ ဆရာတော်၊ သံဃာတော် ၈၃၀ပါးတို့အား မင်္ဂလာဈေးသူ၊ ဈေးသားမိသားစုတို့က စတုတ္ထအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူပွဲကို ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတွင်ပြုလုပ်ရာ ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ဦးဝိလာသထံ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် အမှုဆောင်များက ဝါဆိုသင်္ကန်းကပ်လှူစဉ်။ (၃၂)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၀)ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတကာသတင်းဂျာနယ် အမှတ်(၄၆၀)ကို ယနေ့(တနင်္လာနေ့) စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

'မီဒီယာခေတ် မကျန်ရစ်ဖို့'ဟူသော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်း ဆောင်းပါးများကို ဦးဦးဖျားဖျား ထူးထူးခြားခြား တင်ဆက်နေသည့် နိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်ဂျာနယ်တွင် ဂျပန်ကာကွယ်ရေးစက္ကူဖြူစာတမ်း၊ ချက်သမ္မတနိုင်ငံအကြောင်း သိကောင်းစရာ၊ အီရတ်စစ်ပွဲ ထောက်လှမ်းရေးသတင်းအားနည်းမှု၊ တောင်ကိုရီးယားနှင့်ဂျပန်ခေါင်းဆောင်တို့ တွေ့ဆုံဆွေးနွေး၊ ကင်ညာနိုင်ငံသားများ အီရတ်မှထွက်ခွာရန် နှိုးဆော်၊ ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံးကာ ကမ္ဘာ့ငါးမျိုး မပြုန်းတီးရေး ထိန်းသိမ်းခြင်း၊ ကမ္ဘောဒီးယားအစိုးရအဖွဲ့သစ်၊ ဆူဒန်ဆိုင်ရာ အမေရိကန်ကွန်ဂရက် ဆုံးဖြတ်ချက်၊ အာရှပုစွန်ပို့ကုန်အလားအလာ၊ ကိုဖီအာနန်အင်တာဗျူး၊ ကဖိန်းဓာတ်ဆိုင်ရာ အငြင်းပွားမှု၊ ပါလက်စတိုင်းခေါင်းဆောင်ပိုင်း အာဏာလွန်ဆွဲပွဲ၊

ဘုရှ်အစိုးရ နိုင်လိုမင်းထက်လုပ်မှု၊ နိုင်ငံတကာဟာသ၊ တရားမဝင် ရွှေ့ပြောင်းနေထိုင်မှုပြဿနာ၊ ဖန်ဘိုရာ ကမ္ဘာ့လေကြောင်းပြပွဲ၊ စက်တင်ဘာ ၁၁ရက် အကြမ်းဖက်တိုက်ခိုက်မှု စုံစမ်းရေးအစီရင်ခံစာ၊ ဓာတ်ရောင်ခြည်သင့်ရောဂါကာကွယ်ဆေး၊ တူရကီ မီးရထားမတော်တဆမှု၊ အီရတ်စစ်မြေပြင်မှ သတင်းထောက်များ၊ ဆူဒန် အာဏာလုပွဲစသည့် သတင်းနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (ကြေးမုံ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကျင်းပ

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့်ဇနီး ဒေါ်ဝေဝေသာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာနမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိ စာသင်တိုက် တိုက်အုပ်ဆရာတော်ထံ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။ (ရထား)

ရန်ကုန် ဇူလိုင် ၂၅

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာတို့အား အမှူးထား၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက် ၆နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် တောင်ကြီးပရိယတ္တိ စာသင်တိုက်၌ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ တောင်ကြီးပရိယတ္တိစာသင်တိုက်နာယက ဆရာတော်အမှူးပြု၍ သံဃာတော် ၁၀၈ပါး ကြွရောက်တော်မူကြပြီးဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်နှင့် ဇနီး ဒေါက်တာဒေါ်ရီရီထွေး၊ ဒုတိယဝန်ကြီး ဦးဖေသန်း၏ဇနီး ဒေါ်ချိုချိုထွန်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

ရှေးဦးစွာ တောင်ကြီး ပရိယတ္တိ စာသင်တိုက်မှ တိုက်အုပ် ဆရာတော် ဘဒ္ဒန္တဦးကလျာဏဓမ္မထံမှ ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ဝန်ကြီးနှင့်ဇနီး၊ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ အလှူရှင်များက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် တောင်ကြီး ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်က အနုမောဒနာတရားချီးမြှင့်၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

အမှတ်(၁၁)ခြေမြန်တပ်မ တပ်မမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်

ရန်ကုန် ဇူလိုင် ၂၅

အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ် ၂၀၀၄-၂၀၀၅ ခုနှစ် တပ်မမှူးတံခွန်စိုက်ဒိုင်း ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈နာရီခွဲတွင် တပ်မဌာနချုပ် ဘောလုံးအားကစားကွင်း၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီးလှဋ္ဌေးဝင်းနှင့် ဇနီး၊ တပ်မဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တပ်နယ် တပ်ရင်း တပ်ဖွဲ့မှူးများ၊ အရာရှိ၊ စစ်သည် မိသားစုဝင်များ၊ ပြိုင်ပွဲဝင်အသင်း ၁၁သင်းမှ အားကစားသမားများ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်မမှူး ဗိုလ်မှူးကြီးလှဋ္ဌေးဝင်းက အဖွင့်အမှာစကား ပြောကြားပြီး ပြိုင်ပွဲဝင်အသင်း ၁၁သင်းမှ အားကစားအသင်းများက တပ်မမှူးအား စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုကြကာ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဝံသာနုသတင်းလွှာ အမှတ်(၁၅)ထုတ်ဝေ

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော်ကအသစ်ဖွင့်လှစ်လိုက်သော ကျောက်ထုလေဆိပ်နှင့် ဘုတ်ပြင်းလေဆိပ်တို့၏ ဖွင့်ပွဲအခမ်းအနားများပုံရိပ် မျက်နှာဖုံးဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ(၁၃)၊ အမှတ်(၁၅)ကို ယနေ့ထုတ်ဝေလိုက်သည်။

"ဝံသာနု"သတင်းလွှာတွင် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာရှင်များက စာအုပ်စာတမ်းလှူဒါန်း၊ စက်လှေပေါ်ရောက် အကောက်ခွန်မဲ့စားအုန်းဆီများ၊ ပြည်သူပိုင် ကျွန်းသစ်ခိုးယူသူများ ဖော်ထုတ်ဖမ်းဆီး၊ ကြို့ပင်ကောက်မြို့နယ်အတွင်း တောဆင်ရိုင်းများသောင်းကျန်း၊ တံတားကျိုးပြီး မြေထိုးစက်နှင့် ချောင်းထဲကျသွားသူ၊ မိုးသက်လေပြင်းကျရောက်သဖြင့် ငါးဖမ်းရေယာဉ်နစ်မြုပ်၊ လူမှောင်ခိုတို့၏ ဖြားယောင်းသွေးဆောင်ခြင်းခံရသော ကလေးငယ်နှစ်ဦး၊ ဆင်ဆာမဲ့ဗီဒီစီဒီသီချင်းခွေများ စသော ပြည်တွင်းသတင်းများနှင့် အရက်သေစာသောက်စားခြင်းကို ဗြိတိန်၏ ဖက်ရှင်ရောဂါသစ်အဖြစ်ကြုံတွေ့လာ၊ ဗန်ကောက်မှာဆေးမင်ကြောင်ထိုးသော ဟောလိဝုဒ်မင်းသမီး၊ ကျူဘားကို စစ်ပြုရန်ပြင်ဆင်နေသော အမေရိကန်ခြေလှမ်းကိုရုပ်သိမ်းရန် ကျူးဘားသမ္မတသတိပေး၊ အမေရိကန်မဟာမိတ်ဆော်ဒီအာရေဗျနိုင်ငံတွင်းသို့ အကြမ်းဖက်သမားများပစ်မှတ်ထားတိုက်ခိုက်၊ အီရန်ရေပိုင်နက်အတွင်း ဗြိသတိသျှစစ်သင်္ဘောသုံးစင်း ကျူးကျော်ဝင်ရောက်၊ အီရတ်စစ်မြေပြင်ရောက် ဗြိတိသျှတပ်ဖွဲ့ဝင်တို့၏ အခြေအနေကို မကျေနပ်သည့် ဗြိတိသျှဗိုလ်ချုပ်ကြီး ရာထူးမှနုတ်ထွက်၊ ချေချင်းညာခွဲထွက်ရေး သူပုန်များနှင့် ရုရှားတပ်များ ပြင်းထန်စွာတိုက်ပွဲဖြစ်၊ မတည်ငြိမ်သောအီရတ်မြေ၊ အမေရိကန်တပ်ဖွဲ့ဝင်များအား အဘူဂါရိတ်အကျဉ်းစခန်းမှ အီရတ်အကျဉ်းသားများ နှိပ်စက်မှုနှင့် ခုံရုံးတင်စစ်ဆေး အပါအဝင် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးသတင်းများကို ဖော်ပြထားပြီး ဆင်တောင်ကြီး စာပေ အမှတ်(၄၁) ၂၉-လမ်း ရန်ကုန်မြို့က ဖြန့်ချိကြောင်းသိရသည်။ (က-ပ)

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၅-၇-၂၀၀၄)

ဗန်းမော်	-	၄ ဒသမ ၃၇ လက်မ
လွိုင်ကော်	-	၂ ဒသမ ၂၄ လက်မ

သားငါးကဏ္ဍ၊ တိုးမြှင့်ရေး စပါးခင်းမှာ၊ ငါးတွဲဖက်မွေး

တွေ့ဆုံမှာကြား

မုံရွာ စက်မှုဇုန် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ မုံရွာစက်မှု လက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များအား တွေ့ဆုံ အမှာစကား ပြောကြားစဉ်။
(ပို့ဆောင်ရေး)

တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ

ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ တိုက်နယ်ဆေးရုံ ပန္နက်တင်အခမ်းအနား တက်ရောက်

ရန်ကုန် ဇူလိုင် ၂၅

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် သခွတ္တနယ်ကျေးရွာ တိုက်နယ်ဆေးရုံ ပန္နက်တင်အခမ်းအနားကို ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ကျင်းပရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့ တက်ရောက်အားပေးကြပြီး မင်္ဂလာအချိန်တွင် ပန္နက်တင်ပေးကြကာ အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။ ထို့နောက် ပန္နက်တင်အခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် တိုင်းမှူးနှင့် ဝန်ကြီးတို့က မင်္ဂလာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ယင်းနောက် ယာယီမဏ္ဍပ်၌ တိုင်းမှူးနှင့် ဝန်ကြီးတို့အား တိုက်နယ်ဆေးရုံ တည်ဆောက်မည့် အစီအမံများကို တာဝန်ရှိသူတစ်ဦးက ပုံစံကားချပ်ဖြင့် ရှင်းလင်းတင်ပြကြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့်ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေတို့သည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် ညောင်ကန် စံပြကျေးရွာ တွဲဖက်အထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းရုံးခန်းမ၌ ကျောင်းအုပ်ဆရာကြီးက ကျောင်း၏ သမိုင်းကြောင်းနှင့် မာလ်တီမီဒီယာစာသင်ခန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအဆောက်အအုံ တိုးချဲ့ဆောက်လုပ်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေနှင့် ဇနီး ဒေါ်စန်းစန်းမြင့်တို့ လှူဒါန်းသော ကွန်ပျူတာတစ်စုံနှင့် ကျောင်းဆောင်သစ်အတွက် လိုအပ်သောသွပ်ပြားချပ် ၁၀၀ ကိုကျောင်းအုပ်ဆရာကြီးသို့ပေးအပ်သည်။ ဆက်လက်၍ မြန်မာမိုးနိုင်ကုမ္ပဏီက လှူဒါန်းသော ကွန်ပျူတာတစ်စုံကို မန်နေဂျင်းဒါရိုက်တာ ဦးကျော်မိုးနိုင်က ကျောင်းအုပ် ဆရာကြီးသို့ ပေးအပ်သည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ကျောင်းသုံးဗလာစာအုပ်များကို ကျောင်းအုပ်ဆရာကြီးထံသို့ ပေးအပ်လှူဒါန်းပြီး တိုင်းမှူးနှင့် ဝန်ကြီးတို့သည် သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းကို ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် မုံရွာမြို့ မြို့တော်ခန်းမ၌ ကျင်းပသော မုံရွာ စက်မှုလက်မှုလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မုံရွာစက်မှုဇုန် ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်စိန်က စက်မှုဇုန် တိုးတက်မှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်သာအေးက မုံရွာစက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရေး အမှာစကားပြောကြားသည်။

ဆက်လက်၍ မုံရွာ စက်မှုဇုန် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားပြီး လိုအပ်သည်များဖြည့်ဆည်းမှာကြားသည်။

(သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ

စက်မှု(၁)(က)နှင့် လယ်ယာ/ ဆည်မြောင်း ဗိုလ်စွဲ

ရန်ကုန် ဇူလိုင် ၂၅

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Mikko Coffee Mix တို့ ကြီးမှူးကျင်းပသော ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲများကို ဇူလိုင် ၂၄ ရက်က နံနက် ၉ နာရီတွင် အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နုနုရီ၊ အထွေထွေအတွင်းရေးမှူး ဦးမောင်မောင်မြင့်နှင့် အမှုဆောင်များ၊ Mikko Food Marketing Co., Ltd. မန်နေဂျင်း ဒါရိုက်တာ ဦးညီညီအောင်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဘတ်စကက်ဘောအားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အမျိုးသားအငယ်တန်းပြိုင်ပွဲတွင် စက်မှု(၁)(က)အသင်းက L.S.K အသင်းကို ၅၈ မှတ်၊ ၄၄ မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။ တတိယဆုကို ILBC အသင်းက ရရှိသည်။

အမျိုးသားအကြီးတန်း ပြိုင်ပွဲတွင် စက်မှု(၁)(က)အသင်းက ဂါဂါ(က) အသင်းကို ၈၂ မှတ်၊ ၆၀ မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။ တတိယဆုကို ရန်ကုန်တိုင်းစစ်ဌာနချုပ် အသင်းက ရရှိသည်။

အမျိုးသမီးပြိုင်ပွဲတွင် လယ်ယာ/ ဆည်မြောင်းအသင်းက စက်မှု(၁)(က) အသင်းကို ၆၂ မှတ်၊ ၄၆ မှတ်ဖြင့် နိုင်ပြီး ဗိုလ်စွဲသွားသည်။ တတိယဆုကို ပြည်ထဲရေးအသင်းက ရရှိသည်။

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Mikko Coffee Mix တို့ ကြီးမှူးကျင်းပသည့် ၂၀၀၄ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲ၌ ပထမရရှိသွားသည့် လယ်ယာ/ဆည်မြောင်း အသင်းအား အဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ စိန်မြင့် တံခွန်စိုက်ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်နှင့် Mikko Coffee Mix တို့ ကြီးမှူးကျင်းပသည့် ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကက်ဘော ပြိုင်ပွဲတွင် အကောင်းဆုံး အားကစားသမားဆု ရရှိသူတစ်ဦးအား မန်နေဂျင်း ဒါရိုက်တာ ဦးညီညီအောင်က ဆုချီးမြှင့်စဉ်။
(ကြေးမုံ)

အမျိုးသားအငယ်တန်း ပြိုင်ပွဲတွင် အကောင်းဆုံး ခံစစ်ကစားသမားဆုကို စက်မှု(၁)(က)အသင်းမှ နေမျိုးလွင်ကလည်းကောင်း၊ အကောင်းဆုံးပြန်ကျဘော ဖမ်းသူဆုကို L.S.K အသင်းမှ ရဲလွင်ကလည်းကောင်း၊ ပြိုင်ပွဲတွင် အထူးချွန်ဆုံး အားကစားသမားဆုကို စက်မှု(၁)(က)မှ မျိုးမြင့်မြတ်ကလည်းကောင်း ရရှိသည်။

၂၀၀၄ခုနှစ် အမျိုးသား တံခွန်စိုက် ဘတ်စကက် ဘောပြိုင်ပွဲတွင် အကောင်းဆုံး ခံစစ်ကစားသမားဆုများကို စက်မှု(၁) (က) အသင်းမှ မခင်စန်းဌေးနှင့် စက်မှု(၁)(က) အသင်းမှ မောင်ထွန်းအောင်သူတို့က လည်းကောင်း၊ အကောင်းဆုံး ပြန်ကျဘောဖမ်းသူဆုများကို လယ်ယာ/ ဆည်မြောင်းအသင်းမှ မသက်စုထွေးနှင့် ဂါဂါ(က) အသင်းမှ မောင်ကျော်ကျော်တို့က လည်းကောင်း၊ ပြိုင်ပွဲတွင် အထူးချွန်ဆုံး အားကစားသမားဆုများကို လယ်ယာ/ဆည်မြောင်းအသင်းမှ မခိုင်တင်ရီနှင့် စက်မှု (၁) (က) အသင်းမှ မောင်သန်းထွေးတို့ကလည်းကောင်း ရရှိသွားသည်။

မြန်မာနိုင်ငံ ဘတ်စကတ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာစိန်မြင့်က ၂၀၀၄ ခုနှစ် အမျိုးသားတံခွန်စိုက် ဘတ်စကတ်ဘောပြိုင်ပွဲတွင် အဓိက ပံ့ပိုးကူညီခဲ့သော Mikko Food Marketing Co., Ltd. အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ရာ မန်နေဂျင်းဒါရိုက်တာ ဦးညီညီအောင်က လက်ခံသည်။

မြန်မာနိုင်ငံ ဘတ်စကတ်ဘောအဖွဲ့ချုပ်ဥက္ကဋ္ဌက ဆက်လက်၍ အပြည်ပြည်ဆိုင်ရာ ဘတ်စကတ်ဘောဒိုင်လူကြီး ဦးရဲအောင် (အား/ကာ ဦးစီးဌာန)နှင့် ဦးသက်လွင် (မြန်မာနိုင်ငံ ဘတ်စကတ်ဘော အဖွဲ့ချုပ်) တို့အား အထူးဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ဗိုလ်စွဲသွားသော အမျိုးသား အငယ်တန်း ပြိုင်ပွဲတွင် စက်မှု(၁)(က) အမျိုးသား အကြီးတန်းပြိုင်ပွဲတွင် စက်မှု(၁) (က) နှင့် အမျိုးသမီးပြိုင်ပွဲတွင် လယ်ယာ/ ဆည်မြောင်းတို့အား တံခွန်စိုက်ဆုများကို ချီးမြှင့်ပေးအပ်လိုက်သည်။

(ကြေးမုံ)

ဓမ္မရက္ခိတရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၂၅

ရန်ကုန်မြို့ လှိုင်မြို့နယ် (၅)ရပ်ကွက် ကမာရွတ် ဘူတာရုံအနောက်ဘက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ၌ ဝါကပ်တော်မူကြမည့် ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇန ဟိတရေ ကမ္မဋ္ဌာနာစရိယ) ဖြူးဆရာတော် အမှူးပြုသော သံဃာတော်အရှင်သူမြတ်တို့အား ဖြူးမြို့နယ်အသင်း ရိပ်သာအကျိုးဆောင်အဖွဲ့နှင့်အလှူရှင်အပေါင်းတို့က စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဩဂုတ် ၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင်ကျင်းပမည်ဖြစ်ရာ ရိပ်သာဖုန်း–၆၈၂၇၁၁၊ ၅၀၁၈၄၆ (လိုင်းခွဲ–၁၈၁)၊ ၀၉–၅၀–၁၇၅၅၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။ (က–ပ)

မွေး/ ရေ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း

ကန်တော်ကြီးဥယျာဉ် တည်ဆောက်မှုလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇူလိုင် ၂၅

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့တော်ကန်တော်ကြီးဥယျာဉ် စိမ်းလန်းစိုပြည်ရေးနှင့် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်) ဘက်စုံအဆင့်မြင့် တည်ဆောက်ရေး Education Zone ရှိ Fresh Water Fish Garden တည်ဆောက်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေသိုလှောင်ကန်ကြီး တည်ဆောက်ပြီးစီးမှုနှင့် လိပ်ကန်၊ မိကျောင်းကန်နှင့် Donut Shape ငါးကန်များ အချောသတ်တည်ဆောက်နေမှု အခြေအနေများ၊ မြေအောက်မီးလိုင်းနှင့် မီးစက်ဂိုဒေါင်များ တည်ဆောက်မှု ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးမှုအခြေအနေများ၊ ပြကွင်းပြကွက် ၂၃ ခု တည်ဆောက်ပြီးစီးမှုနှင့် တည်ဆောက်ဆဲအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တည်ဆောက်မှုစခန်း ရှင်းလင်းဆောင်၌ ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက တင်ပြကြရာ ဝန်ကြီးက လိုအပ်မည့် တည်ဆောက်ရေးပစ္စည်းများ မှန်ကန်၊ မြန်ဆန်စွာ ရောက်ရှိရေး၊ တည်ဆောက်မှု အရှိန်အဟုန် တိုးမြှင့်ဆောင်ရွက်ရေး အခြေအနေများကို အသေးစိတ် ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

စာသင်တိုက်ကြီးများသို့ ဗလာစာအုပ်များ လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၅

နာယက ဆရာတော်များဖြစ်ကြသော ပြည်မြို့ သီတာရုံဆရာတော် ဘဒ္ဒန္တကောဝိဒ၊ သာကေတအဘယာရာမ ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဓမ္မာစရိယဘဒ္ဒန္တသောဘဏ၊ မန္တလေးအနောက် ခင်မကန်တိုက် စည်သာကျောင်း ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတရေ ဓမ္မာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင်(ဇိဝဖလ) ဦးစီးသော သာသနာမာမကဓမ္မရက္ခိတ အကျိုးတော်ဆောင်အလှူရှင်များနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တို့သည် ၁၉၉၄ ခုနှစ်မှစ၍ နှစ်စဉ်လှူဒါန်းလျက်ရှိသည်နှင့်အညီ ၂၀၀၄ ခုနှစ် ဇွန် ၂၈ ရက်မှ ဇူလိုင် ၁၇ ရက်အထိ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီး ၆၅ တိုက်ရှိ ဝါဆိုသံဃာ အပါး ၁၈၉၆ ပါးတို့အား ဗလာစာအုပ် ငါးသောင်း ခြောက်ထောင်ကျော်ကို (၁၁)ကြိမ်မြောက် လှူဒါန်းပြီးဖြစ်ကြောင်း သိရသည်။

(က–ပ)

နိဗ္ဗာန်ရောက်ကြောင်းတရား ဟောကြားမည်

ရန်ကုန် ဇူလိုင် ၂၅

မဟာဗောဓိမြိုင် ဆရာတော်ကြီး၏ (၆၃)နှစ်ပြည့် မွေးနေ့အကြိုတရားပွဲကို ၁၃၆၆ခုနှစ် ဒုတိယဝါဆိုလပြည့် (စနေနေ့)ည ၇နာရီတွင် သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် သာသနာ့အလင်းရောင်ဘုရားဓမ္မာရုံ၌ ဗုဒ္ဓေါရသ အရှင်ကုန္ဒာစရိယ ဗောဓိရိပ်ငြိမ်တောရ (မှော်ဘီ)က နိဗ္ဗာန်ရောက်ကြောင်းတရားများ ဟောကြားမည်ဖြစ်သည်။

(က–ပ)

စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့် ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ် အောက် မငယ်ရ၊ (၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင် မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒဘာသာနှင့်ဓာတုဗေဒ ဘာသာများပါဝင်သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။

(အမှတ်စာရင်း တင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့် နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသောတိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ် စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာတိုင်း စစ်ဌာနချုပ် တည်ရှိသည့် မြို့များ၌ **၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ (၂၁) ရက်နေ့**တွင် စတင်ဖြေဆိုကြ ရမည်။

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့် အချိန်ကိုသတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့် ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ် အတိုင်း ဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက် အစစ်ဆေး ခံရမည်။ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့ သွားမည်။

၁၁။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာများနှင့် အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာ တင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက်သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့ တွင် အသက်(၁၆)နှစ် အောက် မငယ်ရ၊ အသက်(၁၈)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊(၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀) ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) ၂၀၀၄ ခုနှစ်တွင်ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် အောက်ပါ စိတ်ကြိုက်ဘာသာတွဲများဖြင့် ဖြေဆိုအောင်မြင်ပြီးသူများ ဖြစ်ရမည်-

(၁) **တပ်မတော်ဆေးတက္ကသိုလ်။** ရူပဗေဒ၊ဓာတုဗေဒ နှင့်ဇီဝဗေဒ ဘာသာ တွဲများဖြင့် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

(၂) **တပ်မတော်နည်းပညာတက္ကသိုလ်။** ရူပဗေဒ၊ ဓာတုဗေဒ ဘာသာများ ပါဝင် သော သိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူ ဖြစ်ရမည်။ (အမှတ်စာရင်း တင်ပြ ရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ ရယူ နိုင်သည်။

၃။ လျှောက်လွှာနှင့် အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ (၃)ပုံ ပူးတွဲ တင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၀၄ ခုနှစ်၊ စက်တင်ဘာလ(၁၀)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာ တောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့်**စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန** သို့ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့် ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင် များသာ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ် စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်နှင့် တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုး ညွှန်းတမ်း အတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) ဇီဝဗေဒ

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း**

(၁) အင်္ဂလိပ်စာ

(၂) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိလျှောက်လွှာတင်သွင်းရာ တိုင်း စစ်ဌာနချုပ်တည်ရှိသည့်မြို့၌ အောက်ဖော်ပြပါ နေ့ရက်များအတိုင်းစတင်ဖြေဆိုကြရမည်ဖြစ်ပြီး၊ ဖြေဆို ရမည့် နေရာ နှင့် အချိန်ကို သတင်းစာ မှ ကြော်ငြာ ပေးမည်-

(က) **တပ်မတော် ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည် အချင်းစစ် စာမေးပွဲ ဖြေဆို ရမည့်ရက်** (၁၉-၉-၂၀၀၄)

(ခ) **တပ်မတော် နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်းဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုရမည့်ရက်** (၂၀-၉-၂၀၀၄)

၈။ ဖြေဆိုရမည့်ခုံအမှတ်မှာလျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်အတိုင်း ဖြစ်သည်။

၉။ ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော် ဗိုလ်ရွေး အဖွဲ့တွင် ဝင်ရောက်အစစ်ဆေး ခံရမည်။ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့ သွားမည်။

၁၀။ သတ်မှတ်ထားသည့် အချက်အလက်များ တိကျပြည့်စုံစွာ ရေးသား ဖော်ပြခြင်း မပြုသော လျှောက်လွှာများ၊ မမှန် မကန် ဖြည့်စွက်ရေးသားဖော်ပြ သောလျှောက်လွှာ များနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာ များအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့် ဌာနတွင် ရွေးချယ်ခြင်း ခံရသည်/မခံရသည်ကို သွားရောက် စုံစမ်းမေးမြန်း နိုင်သည်။

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရွှေပြည်ရန်နိုင် ရပ်ကွက်ရှိ ရန်ကုန်-မန္တလေး ကားလမ်းနံဘေးတွင် လူသွားစင်္ကြံကို ဇူလိုင် ၁၉ ရက်က ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိချုပ် (ဒုတိယ ညွှန်ကြားရေးမှူး) ဦးစိုးဝင်းကျော်နှင့်အဖွဲ့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် ပဲခူးမြို့နယ်တွင် သစ်ပင်များစိုက်ပျိုး

ပဲခူး ဇူလိုင် ၂၀

ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးအတွက် ၂၀၀၄ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၇ ရက် နံနက် ၈ နာရီက ပဲခူးခရိုင်၊ ပဲခူးမြို့နယ် ပဲခူးရိုးမတောင်ခြေ ဇီးတောကျေးရွာအနီး စလူကြိုးဝိုင်း အကွက်အမှတ် ၁၅၂ တွင် ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပွဲတော်သို့ ပဲခူး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဇီးတောကျေးရွာအုပ်စုမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းသား လူငယ်များ၊ ပဲခူးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူနှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာပြည်သူ ၂၅၀ ဦးတို့သည် ကျွန်း၊ သစ်ဆိမ့်၊ အော်ရီရှား၊ မယ်ဇလီ၊ ဘောစကိုင်း အပင် ၇၀၅၀ ကို စုပေါင်းစိုက်ပျိုးကြသည်။

အလားတူ ပဲခူးရိုးမ တောင်ခြေကျေးရွာ ကိုးရွာတွင်လည်း သစ်ဆိမ့်၊ မယ်ဇလီ၊ ဘောစကိုင်း၊ အော်ရီရှားစသည့် အပင်ပေါင်း ၅၄၄၅၀ ကို တစ်ပြိုင်တည်း စိုက်ပျိုးကြောင်း သိရသည်။ (က-ပ)

ဇွန် ၃၀ရက်က စစ်တွေမြို့မ ဈေးကြီး ရေစီးရေလာ ကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့မှ ဒု-ဦးစီးမှူး(ဈေး) ဦးစောထွန်းနှင့် ဝန်ထမ်းများ၊ဈေးအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌဦးအောင်သာဇံနှင့် ဈေးသူ၊ ဈေးသားများရေမြောင်းများ ဆယ်ယူကြစဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ဖဲကြိုးဖြတ်ဖွင့်လှစ်

ပန်းတနော် ဇူလိုင် ၂၂

ပန်းတနော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်၍ ပန်းတနော်မြို့နယ် ပသွယ်ကျေးရွာတွင် ငွေဇင်ယော်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဇူလိုင် ၁၆ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်မိုးလွင်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဒေါ်တင်တင်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

အရိပ်ရပင်များစုပေါင်းစိုက်ပျိုး

ထန်းတပင် ဇူလိုင် ၁၉

ရန်ကုန်တိုင်း၊ ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ် ကျောက်ချောလမ်းဘေးဝဲ/ယာ၌ ဇူလိုင် ၁၀ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာနမှဝန်ထမ်းများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း၍ အရိပ်ရပင်များ စိုက်ပျိုးကြရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြအေးနှင့် စည်ပင် အမှုဆောင်အရာရှိ ဦးသန်းဇော်တို့က ကြီးကြပ်ဆောင်ရွက်ပေးကြောင်းသိရသည်။ **(အောက်ပုံ)**

(မြို့နယ်/စည်ပင်)

မဟာစည်သာသနာ့ရိပ်သာ တရားစခန်းဖွင့်မည်

ဖြူး ဇူလိုင် ၂၀

ပဲခူးတိုင်း ဖြူးမြို့ ပင်စင်လမ်း မဟာစည်သာသနာ့ရိပ်သာကြီးတွင် ပဓာနနာယက ဘဒ္ဒန္တနရပတိ သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ ကမ္မဋ္ဌာနာစရိယ ဖြူးဆရာတော်နှင့် တပည့်ဘဒ္ဒန္တအဂ္ဂဝရ ဓမ္မကထိကများက သတိပဋ္ဌာန်တရားတော်များကို ၁၃၆၆ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၈ ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်ထိ ဝါတွင်းသုံးလတိုင်တိုင် ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများ ရိပ်သာဖုန်း-၀၅၄-၄၀၀၁၂၊ ၀၁-၆၈၂၇၁၁ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က-ပ)

ရန်ကုန်မြောက်ပိုင်းခရိုင် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး(စီမံရေးရာဌာန)၏ အစီအစဉ်ဖြင့် လှိုင်သာယာမြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးရုံးမှ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသို့ ကျန်းမာရေးလုပ်ငန်းသုံး ပိုးသတ်ဆေးဘူးများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁ နာရီက လှိုင်သာယာမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေး ခန်းမ၌ ကျင်းပရာ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမျိုးသိန်းက ကျန်းမာရေး လုပ်ငန်းသုံး ပိုးသတ်ဆေးဘူးများကို မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးဉာဏ်ဝင်းသို့ ပေးအပ်လှူဒါန်းစဉ်။ (၄၉)

ကရင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးနှင့်အဖွဲ့သည် ကြာအင်းဆိပ်ကြီးမြို့နယ်အမှုဆောင်အရာရှိ ဦးစံလွင်အေးလိုက်ပါလျက် ဇူလိုင် ၅ရက်က မြို့ရေပေးရေးလုပ်ငန်းဆောင်ရွက်မည့်အခြေအနေများအား ကွင်းဆင်းစစ်ဆေးစဉ်။ (ပြည်နယ်စည်ပင်)

ဇူလိုင် ၂၀ ရက်က ကျောက်တံခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူးဦးကျော်ဆန်းထွန်းကြီးကြပ်၍ အဖွဲ့ပိုင်ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ သတ်မှတ်အရေအတွက်ပြည့်မီရေးအတွက် ဝန်ထမ်းများ စုပေါင်းပျိုးထုတ်ခြင်း၊ ပန်းအလှပင်များ ပြုစုပျိုးထောင်ခြင်းနှင့်ပေါင်းမြက်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြစဉ်။ (မြို့နယ်၊ပြန်/ဆက်)

e-Education Learning Centre

သင်ခန်းစာထုတ်လွှင့်မည့်အစီအစဉ်

မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ

၂၆-၇-၂၀၀၄ (တနင်္လာနေ့)
- * Accounting/Budgetary Control
- - DEM (4) Sem (I)
- * Project Management
- - DEM (4) Sem (I)
- * General Managememt
- - DEM (4) Sem (I) MBA
- * Statistics
- - DEM (4) Sem (I)

၂၇-၇-၂၀၀၄ (အင်္ဂါနေ့)
- * Accounting/Budgetary Control
- - DEM (4) Sem (I)
- * Project Management
- - DEM (4) Sem (I)
- * General Managememt
- - DEM (4) Sem (I) MBA
- * Statistics
- - DEM (4) Sem (I)

၂၈-၇-၂၀၀၄ (ဗုဒ္ဓဟူးနေ့)
- * Accounting/Budgetary Control
- - DEM (4) Sem (I)
- * Project Management
- - DEM (4) Sem (I)
- * General Managememt
- - DEM (4) Sem (I) MBA
- * Statistics
- - DEM (4) Sem (I)

၂၉-၇-၂၀၀၄ (ကြာသပတေးနေ့)
- * Accounting/Budgetary Control
- - DEM (4) Sem (I)
- * Project Management
- - DEM (4) Sem (I)
- * General Managememt
- - DEM (4) Sem (I) MBA
- * Statistics
- - DEM (4) Sem (I)

၃၀-၇-၂၀၀၄ (သောကြာနေ့)
- * Accounting/Budgetary Control
- - DEM (4) Sem (I)
- * Project Management
- - DEM (4) Sem (I)
- * General Managememt
- - DEM (4) Sem (I) MBA
- * Statistics
- - DEM (4) Sem (I)

နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ

၃၁-၇-၂၀၀၄ (စနေနေ့)
- * **အဝေးသင်တက္ကသိုလ် ကျောင်းသူ၊သားများအတွက် သင်ခန်းစာများ**

၁-၈-၂၀၀၄ (တနင်္ဂနွေနေ့)
- * **အဝေးသင်တက္ကသိုလ် ကျောင်းသူ၊သားများအတွက် သင်ခန်းစာများ**

ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေး လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ပုံနှိပ် လုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်–

1. Wed offset Ink

(1) Black	-	8700 Kg
(2) Yellow	-	1200 Kg
(3) Magenta	-	1700 Kg
(4) Cyan	-	1900 Kg

2. Sheetfed offset Ink

(1) Black	-	900 Kg
(2) Yellow	-	600 Kg
(3) Magenta	-	700 Kg
(4) Cyan	-	400 Kg
(5) Green	-	909 Kg

3. Negative Plates & Chemicals

(1) 915x 626x0.3 mm	-	1400 Shts
(2) 1035x740x 0.3 mm	-	300 Shts

4. Positive Plates & Chemicals

(1) 740x615x0.3mm	-	300 Shts

5. Wipe On Aluminium & Chemicals

(1) 635x 745x 0.24mm	-	6400 Shts
(2) 650x550x0.24mm	-	16150 Shts

၂။ တင်ဒါပေးသွင်းမှုကို ၆–၈–၂၀၀၄ရက် (၁၆:၃၀)နာရီတွင် ပိတ်သိမ်းပါမည်။

၃။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါ လိပ်စာတွင် လာရောက်ဝယ်ယူနိုင်ပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုတ်ခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးဝန်ကြီးဌာန
အမှတ် ၂၂၈၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း–၂၄၅၆၃၀၊ ၂၄၅၆၂၄၊ ၂၄၅၆၄၅

အိမ်တိုင်းဆောင်ထားရမှာ ရွှေ ပဲဆီသန့်ပါ . . . . .

ရွှေမြင်းဆီစက် **ရွှေ ပဲဆီသန့်**

ရာနှုန်းပြည့်အာမခံမြေပဲဆီစစ်စစ်

- အလှူဒါနပဲ .... လုပ်လုပ်
- လက်ဆောင်ပဲ .... ပေးပေး
- စားသုံးဖို့ပဲ .... ဖြစ်ဖြစ်
- ရွှေပဲဆီသန့်ကို
- ဖုန်းလေးဆက်လိုက်တာနဲ့
- ပုံးကလေးနဲ့ ပို့လိုက်မယ်နော် . . .

ရွှေမြင်းဆီစက်မှထုတ်လုပ်သော 'ရွှေ ပဲဆီသန့်စစ်စစ်' သာ ကျန်းမာရေးအတွက် စိတ်အချရဆုံးနော် -

အရောင်းပြခန်း(၁) အေ-၆၇၊ ဗဟိုရုံစည်ဘိဒ်ယာ၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ - 227802 , 227803 , 222951

အရောင်းပြခန်း(၂) (ဃ/၉)၊ အောင်သပြေလမ်း၊ ဘုရင့်နောင်ပွဲရုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ☎ - 680012 , 682350 , 09-99-25111

အရောင်းပြခန်း(၃) အမှတ်-၆၅၊ လမ်းမတော်လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။ ☎ - 226341

(၅)ပိဿာနှင့်အထက်ဝယ်ယူအားပေးသူတိုင်းအား အခမဲ့အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါမည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာရင်းရုံး အခြေခံစာရင်းကိုင်သင်တန်းအမှတ်စဉ်(၂၁)တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။**သင်တန်းဖွင့်မည့်ရက်** –၁–၈–၂၀၀၄
၂။**သင်တန်းတည်ရာ** –ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်စာရင်းရုံး၊ ပင်လုံလမ်း၊မယကမှတ်တိုင်အနီး
၃။**သင်တန်းချိန်** –တန်းခွဲ(က)(စနေမှတနင်္ဂနွေ) နံနက်(၇:၀၀)နာရီမှ(၁၂:၀၀)နာရီ
တန်းခွဲ(ခ)(တနင်္လာမှသောကြာ) နံနက်(၇:၀၀)နာရီမှ(၉:၀၀)နာရီ
၄။**သင်တန်းကာလ** –(၃)လ
၅။**အနိမ့်ဆုံးပညာအရည်အချင်း**–တက္ကသိုလ်ဝင်တန်းအောင်
၆။**လက်ခံမည့်သင်တန်းသားဦးရေ**–တန်းခွဲတစ်ခု(၅၀)ဦးစီ
၇။**ဆက်သွယ်စုံစမ်းရန်** –ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်စာရင်းရုံး ဖုန်း–၅၈၄၂၀၇။

ညွန့်ညွန့်လှိုင်
မြို့နယ်စာရင်းစစ်အရာရှိ

G.Link Computer

Hardware Course (A+)
Graphic Design Course
Visual Basic Course

Office XP, DTP, Access, Special Effects
ACCPAC, AutoCAD, C++, JAVA

●ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများအား ပြုပြင်ထိန်းသိမ်းခြင်းနှင့် Graphic Design များကိုပြုလုပ်နိုင်ရန် စာတွေ့နှင့်လက်တွေ့ အပြင် လုပ်ငန်းခွင် အတွေ့အကြုံများပါ ပေါင်းစပ်ပြီး အခြေခံမှ စ၍ တစ်ဦးချင်း စနစ်တကျ သင်ကြားပေးပါသည်။
●သင်တန်းကြေးများကို အရစ်ကျ ပေးသွင်းနိုင်ပါသည်။

အမှတ် ၅၁၈၊ မြေညီထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတား။

Ph : 243 982, 240 622 Fax : 240 622

ယဉ်ကျေးမှုတက္ကသိုလ် (ရန်ကုန်) နှင့် FOREVER GROUP

အနုပညာကွန်ပျူတာ ဒီပလိုမာသင်တန်း

DIPLOMA IN COMPUTER ARTS (Dip.CA)

လျှောက်လွှာခေါ်ယူခြင်း

၂။ သင်တန်းများ

Specialized in " Character Animation & Advanced Media "

Level 1. Graphic Production for Exporting any Media	(၂)လ
Level 2. Video/Audio Production, Motion Graphics & Visual Effects	(၄)လ
Level 3. Character Animation & Advanced Media	(၃)လ

Specialized in " Multimedia & Infocom Technology "

Level 1. Graphic Production for Exporting any Media	(၂)လ
Level 2. Rich Media Content Creation, Interactive TV & Streaming Video	(၄)လ
Level 3. Multimedia & Information Communication Technology	(၄)လ

Forever Group Co., Ltd.

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းမြို့၊ မင်းလမ်းရပ် ဦးဟန်မန်–ဒေါ်ကြီးရှားတို့၏သမီး မဇာနည်မော် [၁၄/ပသန(နိုင်)၀၀၄၇၅၁]သည် မိဘဆွေမျိုးညီအစ်ကိုများအား ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းနှင့် စိတ်ဆင်းရဲအောင်အကြိမ်ကြိမ် ပြုလုပ်ခဲ့ပြီး သွန်သင်ဆုံးမမှု များကို မနာခံသည့်အပြင် ၁၁–၇–၂၀၀၄ရက်၌ မိမိဆန္ဒအလျောက် အိမ်ပေါ်မှ ဆင်းသွားပါ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

(စုံစမ်းမေးမြန်းခြင်း သည်းခံပါ)

ဦးဟန်မန် [၅/စကန(နိုင်)၁၄၈၄၁၈]၊ ဒေါ်ကြီးရှား [၅/စကန(နိုင်)၀၀၈၈၆၆]

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁က/၂၄၂အမျိုး အမည်၊ မာဇဒါ D1500 အမျိုးအစား လိုက်ထရပ် ယာဉ်အား ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် မှတ်ပုံတင်အမှတ် [၁၂/ထတပ(နိုင်)၀၇၃၉ ၉၁]မှမှတ်ပုံတင်ခွင့် လျှောက်ထားလာပါ၍ ကန့်ကွက်လိုသူများ ယနေ့မှစ၍ ရက်ပေါင်း (၃၀)အတွင်း ကညန ရန်ကုန် မြောက်ပိုင်းခရိုင်ရုံး (အင်းစိန်)သို့ ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်မြောက်ပိုင်းခရိုင်ရုံး၊အင်းစိန်။**

နန္ဒီစိုးလွင်
တစ်နှစ်ပြည့်မွေးနေ့ဆုမွန်လွှာ
၂၆–၇–၂၀၀၄

ရတနာကိုးသွယ် ဝန်းရံခြယ်သို့ ရှုဖွယ်မငြီး ရင်နှစ်သည်းချာ သမီးချစ်ရတနာလေး မနန္ဒီစိုးလွင်၏ (၁)နှစ်ပြည့် မွေးနေ့မင်္ဂလာခါသမယမှာ အနန္တငါးဖြာစုံညီစွာဖြင့် မေတ္တာရေစမ်း တွေ့ထိဖျန်း၍ ထာဝစဉ် ရွှင်လန်းချမ်းမြေ့ပါစေ ဘေးရန်နှောင့်ယှက်ကင်းစင်လျက် အသက်ရာကျော် ရှည်ပါစေ။

ဖေဖေ–ဗိုလ်ကြီးစိုးလွင်
မေမေ–ဒေါ်တင်မာလွင်
မမ–အဥ္ဇလီစိုးလွင်။

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ သစ္စာလမ်း၊ အမှတ်(၂၉)နေ (ဦးခင်မောင်)E/O–ဒေါ်ခင်လှိုင်တို့၏သားကြီး
မောင်ဇော်ရဲလှိုင် B.E(Electronic)
နှင့်
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ အနန္တဂုဏ်ရည်လမ်း၊ အမှတ်(၆၁၉)နေ ဝ
ဦးထွန်းရဲကျော်ထင်–ဒေါ်စန်းစန်းဝေ(ပြည့်စုံရတနာရွှေဆိုင်)(အနောက်ရန်ကင်းဈေး)တို့၏သမီးဦး
မသူသူအောင် (First Year Law)
တို့သည် ၂၅–၇–၂၀၀၄ (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ရဲလှိုင်–မသူသူအောင်။

" အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်၊ အမှတ် ၃၅ဘီ၊ မြေကွက်အမှတ် ၃၂အေ°+၃၃ဘီ၊ မြေဧရိယာ (၀.၂၅၇) ဧကရှိ နှစ် (၆၀) မြေငှားဂရန်မြေကွက်ကြီးနှင့်ယင်းမြေပေါ်ရှိ၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ အေးရိပ်သာ (၁) လမ်း၊ အမှတ်၅၉/၆၉၊ နှစ်ထပ်တိုက်တို့ကို ပိုင်ဆိုင်သူ ဦးမြတ်ထွန်းထံမှ ဝယ်ယူထားသူ၊ ဒေါ်တင်အုန်း၊ ဒေါ်ကြူကြူဝင်းတို့က လွှဲပြောင်း ရောင်းချသဖြင့် ကျွန်ုပ်၏ အမှုသည် ဦးစောထွန်းအောင်၊ ဦးမြင့်စိုး နှင့် ဦးသိန်းဝင်းတို့က ကြိုတင်စရံငွေ၃၅၀၀၀၀၀ိ/– (ကျပ်သိန်းသုံးရာငါးဆယ်တိတိ) ပေး၍ အရောင်းအဝယ် ကတိစာချုပ် ချုပ်ဆိုထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

အမှုသည်များ၏လွှဲအပ်ချက်အရ
ဦးမောင်မောင် (တရားရုံးချုပ်ရှေ့နေ)
ဦးစောထွန်းအောင်၊ ဦးမြင့်စိုး နှင့် ဦးသိန်းဝင်းတို့၏ရှေ့နေ

ဓမ္မစပ်ကြောင်းလမ်းပြီးစီးခြင်း

ညောင်ဦးမြို့၊ ဇေယျာဝတီရပ်နေ
(ဦးဝင်း–တိုင်းလျှပ်စစ်အင်ဂျင်နီယာ၊မန္တလေးတိုင်း)–ဒေါ်တင်မူအေး
(အထက်တန်းပြ–ငြိမ်း)တို့၏ သားကြီး
မောင်မင်းဇော်ဝင်း
B.Sc (Hon.Phy;)MBA, IGE Co.,Ltd
နှင့်
ရန်ကုန်မြို့၊ အမှတ်(၁၅)၊ ပိတောက်လမ်း၊
ပြည်ထောင်စုရိပ်မွန်အိမ်ရာနေ ဦးငွေးဝင်း–ဒေါ်ရီရီသောင်းရွှေ
(တိုင်းဝေ ဂျုံစက်)တို့၏သမီး
မရွှေစင်ငွေး
B.Sc (Phy.)MBA, IGE Co.,Ltd
တို့သည် ၂၀၀၄ ခုနှစ် ဇူလိုင်လ ၂၅ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်မင်းဇော်ဝင်း–မရွှေစင်ငွေး။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာရင်းရုံး
ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှ ဖွင့်လှစ်မည့် အခြေခံစာရင်းကိုင်သင်တန်း
အမှတ်စဉ်(၂၁)တက်ရောက်ရန် လျှောက်လွှာများခေါ်ယူခြင်း
(Basic Accounting Course)
(For 2004 October Exam)

သင်တန်းဖွင့်မည့်ရက် –၁–၈–၂၀၀၄
သင်တန်းဖွင့်မည့်နေရာ–ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်စာရင်းရုံး အမှတ်(၉၅/၁၁၂)၊ပြည်ထောင်စုလမ်း၊(၆၄)ရပ်ကွက်၊
သင်တန်းချိန် –စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များသာ
ပညာအရည်အချင်း –အခြေခံပညာအထက်တန်း(က)အဆင့်ဖြင့် အောင်မြင်ပြီးသူဖြစ်ရမည်။

အသေးစိတ်အချက်အလက်များစုံစမ်းရန်– ဖုန်း–၅၉၁၅၀၇။
ခင်စောတင့် (မြို့နယ်စာရင်းစစ်အရာရှိ)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ(၂–၈–၂၀၀၄)နေ့တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေ ကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။
အခြေစိုက်အလုပ်ရုံအမှတ် (၁)၊(၂)
၁။အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း(ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)။
၂။အခြေခံဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။
၅။ပိုက်ဖစ်တာသင်တန်း။
တည်နေရာ–ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။(မဟာဗန္ဓုလတံတားအနီး)။
တယ်လီဖုန်း– ၀၁–၂၉၁၃၁၃၊ ၀၁–၂၉၁၃၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
စက်မှုနှင့်သက်မွေးပညာဦးစီးဌာန
နိုင်ငံတကာအဆင့်မီ Auto CAD & CNCသင်တန်းများ
တက်ရောက်ရန် လျှောက်လွှာခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာန၊ စက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့်အစိုးရနည်းပညာကောလိပ် မန္တလေးတို့တွင် အောက်ပါသင်တန်းကို ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ကြောင်း ကြေညာအပ်ပါသည်။
၂။ ဖွင့်လှစ်ပို့ချမည့်သင်တန်း
–Specialized Auto CAD & CNC Training Course
ဤသင်တန်းပြီးဆုံး၍ တတ်ကျွမ်းသူများအား ပြည်တွင်း၊ ပြည်ပမှ ကုမ္ပဏီကြီးများတွင် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။
၃။ သင်တန်းကာလ(၃)လ၊ သင်တန်းချိန် တနင်္လာနေ့မှ သောကြာနေ့အထိ နေ့စဉ် ညနေ (၅း၀၀)နာရီမှ (၈း၀၀)နာရီ၊ စနေနေ့ နံနက် (၈း၀၀)နာရီမှ မွန်းလွဲ (၃)နာရီ
၄။လျှောက်ထားရန်လိုအပ်သည့်အရည်အချင်းများ
(က)အစိုးရနည်းပညာကောလိပ်၊ စက်မှုလက်မှုသိပ္ပံများမှ A.G.T.I (MP/MT/EC/EP/Mechatronics), E.G.T.I (MP/MT/EC/EP), B.E (Mechanical, EC/EP/Mechatronics, I.E), YTU ညနေပိုင်း (Mechanical) သင်တန်းအောင်မြင်ပြီးသူများ ဖြစ်ရမည်။
(ခ)ကျန်းမာရေးနှင့်ပြည့်စုံသူများဖြစ်ရမည်။
(ဂ)အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(ဃ)အောင်လက်မှတ်မိတ္တူနှင့် အမှတ်စာရင်းမိတ္တူပူးတွဲတင်ပြရမည်။
၅။သင်တန်းပို့ချမည့်ဌာန–အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့်အစိုးရနည်းပညာကောလိပ်၊ မန္တလေး။
၆။အသေးစိတ်အချက်အလက်များကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်စကားပြောကြေးနန်း အမှတ်–၀၁–၆၄၀၅၈၇နှင့် အစိုးရနည်းပညာကောလိပ်၊ မန္တလေး၊ စကားပြောကြေးနန်းအမှတ်– ၀၂–၃၆၆၈၁တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။
၇။လျှောက်လွှာပုံစံများကို အစိုးရစက်မှုလက်မှုသိပ္ပံ၊ အင်းစိန်နှင့် အစိုးရနည်းပညာကောလိပ်၊ မန္တလေးတို့တွင် ၂၇–၇–၂၀၀၄ရက်နေ့မှစ၍ လာရောက်ထုတ်ယူနိုင်ပါသည်။
၈။ သင်တန်းသားလက်ခံမည့်အစီအစဉ်

လျှောက်လွှာပိတ်ရက်	–	၂၅–၈–၂၀၀၄
လူတွေ့စစ်ဆေးမည့်နေ့ရက်	–	၂၉–၈–၂၀၀၄ (နံနက် ၉း၀၀)နာရီ
တက်ရောက်ခွင့်ရသူများအမည်စာရင်း		
ထုတ်ပြန်ကြေညာရက်	–	၃၁–၉–၂၀၀၄
သင်တန်းစတင်ဖွင့်လှစ်မည့်ရက်	–	၂–၁၀–၂၀၀၄

နှစ်(၃၀)ပြည့်ပုလဲရတုမင်္ဂလာ

ချစ်ဖေဖေဦးသန်းဆွေ(SUN CONTROL ENGINEERING)နှင့် ချစ်မေမေဒေါ်ခင်စောမြင့်တို့၏ ၂၆–၇–၂၀၀၄ ရက်နေ့တွင် ကျရောက်သည့် နှစ်(၃၀)ပြည့် မင်္ဂလာရက်မြတ်မှသည် ရွှေရတုတိုင် ချစ်သား သမီး မြေးများနှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ကြပါစေ။

ချစ်သား၊ သမီး၊ မြေးများ
မောင်လင်းကျော်စွာ (SUN GRAPHIC)
မောင်ပွင့်ဦးဟန်(SUN CONTROL)၊ မမေနှင်းအောင်
ချစ်သမီး– မနေကြာဝင်းလှဲ့
ချစ်မြေး– ဆုလှဲ့ရီဟန်(သဲချစ်)

(၇၅)နှစ်မြောက်စိန်ရတုမွေးနေ့ဆုတောင်း
(၂၆–၇–၂၀၀၄)

တုနှိုင်း၍မမှီသောဖေဖေ ကျေးဇူးကြီးလှစွာသောဖေဖေ ရှိသေခြင်း၊ လေးစားခြင်း၊ ယုံကြည်ခြင်း၊ အားကိုးခြင်းများစွာတို့နှင့် ချစ်ရပါသော ဖေဖေ **ဦးတင်ငွေ** (၉၉၊ ပန်းဆိုးတန်းလမ်း၊ ပြည်မြို့)၏ ၁၃၆၆ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ရက်နေ့တွင် ကျရောက်သော (၇၅)နှစ်ပြည့် မွေးနေ့မှသည် နောင် နှစ် ၁၀၀ တိုင်အောင် ချစ်သောမေမေ ဒေါ်လှသွင်၊ သားသမီး မြေးများနှင့်အတူ ဖေဖေမြတ်နိုးသော " သီရိဂေဟာ" မိသားစုဘဝကို စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာ၊ ကိုယ်ချမ်းသာစွာဖြင့် ထာဝရပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဖေဖေချစ်သော သားသမီးများနှင့်မြေးများ

(၁) ဒေါ်နွဲ့ရီ–
(၂) ဦးစန်းမြင့်–ဒေါ်စန်းစန်းကျင်(ဦးတင်ငွေ–ဒေါ်လှသွင်နှင့် သားသမီးများ၊ ကုန်မျိုးစုံရောင်းဝယ်ရေး)
(၃) ဦးကျော်ဇေယျ–ဒေါ်ညွန့်ညွန့်ခိုင်(CHANTHAGYI GENERAL TRADING CO., Ltd ဘုရင့်နောင်တာဝါ)
(၄) ဦးမျိုးခင်–ဒေါ်သူဇာမင်း(KHING SU THU Trading & Industrial Co., Ltd) မာတင်ရိပ်သာ၊ ရန်ကုန်။
(၅) ဦးကျော်မောင်–ဒေါ်စန်းရီငွေ(လောကထိပ်ပန်–ပွဲရုံ–ပြည်)
(၆) ဦးလှမိုး–ဒေါ်ခင်ငွေးဝင်း(ထွန်းလပြည့် ဖယောင်းတိုင်လုပ်ငန်း၊ပြည်)
(၇) ဦးကျော်ဇင်လင်း(1st Engineer)–ဒေါ်စန်းစန်းဝေ(ရွှေစံပယ်ရိပ်မွန်၊ ရန်ကုန်)
(၈) ဒေါ်စန္ဒာဝင်း–
(၉) ဦးစိုးထွန်း–ဒေါ်စန္ဒာလွင်(ဦးတင်ငွေ–ဒေါ်လှသွင်နှင့်သားသမီးများ၊ ကုန်မျိုးစုံရောင်းဝယ်ရေး)
(၁၀) ဦးဖုန်းကျော်–ဒေါ်သန္တာဝင်း(ဂန္ထဝင်၊ TV, VIDEO, CD–ရောင်းဝယ်ရေး–ပြည်)
(၁၁) Drကျော်မိုး–ဒေါ်စိုးစိုးတင် (မလွန်စက်ရုံ–မကွေး)

အမည်ဖြည့်စွက်ခြင်း

သဃ်န်းမြို့နယ်၊ အမှတ်(၁၇)၊ (၉)လမ်း၊ ရန်ကုန်သစ်နေ ဦးဝင်းမြင့်၏သား အလက(၂)၊သဃ်န်းကျွန်း၊ ပဥ္စမတန်း(A)မှ မောင်ဝေယံမင်းဦးအား မောင်ဝေယံမင်းဦး(ခ) မောင်ကိုကိုဟုလည်းကောင်း၊ မောင်ဝေယံမိုးဦးအား မောင်ဝေယံမိုးဦး (ခ) မောင်ညီညီဟုလည်းကောင်း အမည်ဖြည့်စွက်ခေါ်ပါရန်။**မောင်ဝေယံမင်းဦး(ခ)မောင်ကိုကို**
မောင်ဝေယံမိုးဦး(ခ)မောင်ညီညီ။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အောင်ဓမ္မရိပ်သာ၊ အမှတ်(၆/က–၇)နေ ဦးအောင်ခိုင်[Chief Engineer (R.C.L Shipmanagement Pte. Ltd)]–ဒေါ်သက်သက်နှင်းတို့၏ တစ်ဦးတည်းသောသား

မောင်ခွန်ဇာအောင်ခိုင်

(Senior Deck Cadet)
(R.C.L Shipmanagement Pte. Ltd))

နှင့်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၁၈)နေ (ဦးဇော်မောင်)–ဒေါ်နန်းကေသီတို့၏ သမီးထွေး

မနေနေဇော်မောင်

B.A(Oriental Studies)

တို့သည် ၂၅–၇–၂၀၀၄ ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ခွန်ဇာအောင်ခိုင်–မနေနေဇော်မောင်။

ရွှေကြေးရည်

☎ 373275, 708342

ဦးအောင်ဟိန်းကျော် Aug:1/3/7

အင်္ဂလိပ်စကားပြော
အင်္ဂလိပ်စာ ရေးနည်း

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

1.Factory Manager for Surimi/Fish meal ကျား(၂)ဦး
2.Production Manager for Surimi/Fish Meal ကျား(၂)ဦး
3.Mechanical or Electrical Engineer
(Generator and Cold room facility Compressor) ကျား(၁)ဦး
4.Food Technologist ကျား/မ(၁)ဦး
5.Laboratory Executive/Manager ကျား/မ(၂)ဦး
6.Food Research and Development Executive ကျား/မ(၁)ဦး
7.Logistic Executive/Manager ကျား/မ(၂)ဦး
8.Warehouse Executive/Manager ကျား(၂)ဦး
9.Procurement/Purchasing Executive ကျား(၁)ဦး
10.Jetty Operation Executive/Manager ကျား(၂)ဦး
11.Production Supervisors for Surimi/Fish meal ကျား(၂)ဦး
12.QC Executive /Manager ကျား(၂)ဦး
13.Stock and Inbentory Contron Executive ကျား(၁)ဦး
14.Trawler Boats Management Executive ကျား(၁)ဦး
15.Boiler Man ကျား(၁)ဦး
16.Japanese Speaking Myanmar Executive
for Surimi/Fish meal ကျား/မ(၂)ဦး

အမှတ်စဉ်(၁)နှင့်(၂)ရာထူးများအတွက် တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည့်အပြင် လုပ်ငန်းကိုကျွမ်းကျင်စွာ ဦးဆောင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၃)ရာထူးအတွက် B.E (Mechanical) (သို့) B.E (Electrical) အင်ဂျင်နီယာဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၃)နှစ်ရှိရမည့်အပြင် စက်များကို ကျွမ်းကျင်စွာ ဦးဆောင်ပြုပြင်ထိန်းသိမ်းနိုင်သူဖြစ်ရမည်။

အမှတ်စဉ်(၄)မှ (၁၆)ရာထူးများအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ်ရှိရမည့်အပြင် လုပ်ငန်းကို ကျွမ်းကျင်စွာ ဦးဆောင်လုပ်ကိုင်နိုင်သူဖြစ်ရမည်။ အထက်ပါရာထူးများအတွက် နယ်တွင်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

စိတ်ဝင်စားလျှောက်ထားလိုသူများသည် ၁၄–၈–၂၀၀၄ရက်မတိုင်မီ ကိုယ်ရေးရာဇဝင်၊ ပညာအရည်အချင်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ဆက်သွယ်ရမည့်ဖုန်းနံပါတ်နှင့်မကြာသေးမီကရိုက်ကူးထားသော ရောင်စုံဓာတ်ပုံနှင့် အောက်ပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ပါသည်။

MASCOT INDUSTRIES CO.,LTD.
အမှတ်(၁၁/အေ)၊ သံလွင်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း–၅၀၅၅၃၅၊ ၇၀၄၁၈၅၊ ၇၀၇၂၃၂။

Lap Top

"LUCID" Translation
မြန်မာ – အင်္ဂလိပ်
အင်္ဂလိပ် – မြန်မာ
ဖုန်း – ၅၃၉၉၉၈။

FAME Plasmogine®

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၆၈၉၃၂လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် ယနေ့မှစ၍ (၁၅)ရက်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန (တိုင်းရုံး) ပုသိမ်သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

ကညန၊ တိုင်းရုံး၊ ပုသိမ်။

DOORS, WINDOWS & FRAMES
– KILNDRY
– INTERIOR DECORATION

☎ 590970
☎ 514161

LCCI(UK) DIPLOMA

Dip in Principles and Practice of Mgt
Dip in Marketing
Dip in Business Studies
Dip in Selling & Sales Management
Certificate in English for Business (EFB)
Distinction, Credit ... MENTOR BMC ... Diploma

MENTOR Business & Managment Consultancy - School of Business
No. 117 (3rd Floor/ Right), 46th (Upper) St., Botataung Tsp., Yangon. Tel 291 358

Great Wall
Foreign language Center

GCE
GCE,TOEFL,IELTS,English Grammar class
Commencing Date : August 2004
☎ 212357, 252821

GRACE TRAINING AND SERVICE CENTRE
26.7.04 11:00 – 1:00
☎ 707956

Yan Aung
☎ 256790, 380291
242967

ရန်ကုန်မြို့တွင်း(၆)မြို့နယ်ရှိ
တိုက်ခန်း၊ လုံးချင်းများ
ဝယ်လို၊ ငှားလိုပါသည်။
PH;720779၊ 200526

TV, VIDEO
☎ 710612

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီပလတ်စတစ် စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀နာရီ အတွင်း ဆက်သွယ်နိုင်ပါ သည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ဖုန်း–၂၄၅၆၄၅။

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဖာတမာဘီဘီကရ်ဝါး(ခ) ဒေါ်ချိုတီ အသက်(၉၃)နှစ်

(ပုသိမ်မြို့)

(ဦးအာမက်ကရ်ဝါး) – (ဒေါ်နီရာ)တို့၏ သမီးကြီး၊ (ဦး S.ရာဟ်မာန်–ဒေါ်မိုင်မွန်)တို့၏သမီးချွေးမ၊ ပုသိမ်မြို့၊ အမှတ်(၃၅၂)၊ မဟာဗောဓိလမ်းနေ (ဟာဂျီမိုဟမ္မဒ်အီဆာ(ခ)ဟာဂျီ ဦးထွန်းအောင်) ၏ဇနီး၊ ဦးစန်းလွင် (စိုက်ပျိုးရေးသုံးဆေးပစ္စည်းဆိုင်၊ မြို့မဈေးရုံ–၅)–ဒေါ်အမာနီတို့၏ကျေးဇူးရှင် မွေးသမိခင်ကြီး၊ ကိုကျော်ဦးလွင်(B.Sc, Maths:Q)၊ ကိုဝင်းမော်လွင် (B.E, Petro:Q)၊ ကိုကျော်မိုးလွင်(B.Sc,Phy:Q) တို့၏အဘွား ဖာတမာဘီဘီကရ်ဝါး(ခ) ဒေါ်ချိုတီသည် ၂၁–၇–၂၀၀၄ရက် နံနက် ၀၀း၁၅ နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ်နမာဇ်အပြီးတွင် ပုသိမ်မြို့ ဘန့်ဘွေးကုန်း စွန္နီကဘာရ်စတန်၌ ဒဖနာပြီးစီးပါကြောင်း။**ကျန်ရစ်သူမိသားစု။**

ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး

ဦးခင်မောင် (ကျောက်ပန်းတောင်း) အသက်(၈၅)နှစ်

ကျောက်ပန်းတောင်းမြို့၊ တမ္ပဝတီရပ်၊ အောင်မာဃလမ်းနေ ဒေါ်ဖြူနု၏ခင်ပွန်း၊ ဦးအောင်သောင်း–ဒေါ်ရီရီချို (အင်ကြင်းပွဲရုံ)၊ ဦးခင်မောင်လွင်–ဒေါ်သန်းမြင့်စိန်၊ ဦးမောင်မောင်–ဒေါ်သန်းသန်းဌေး၊ဦးဆန်းဗိုလ်–ဒေါ်မိုးမိုးဟံ၊ ဦးညွန့်အောင်–ဒေါ်ရွှေစင်မေ၊ ဦးတင်ထွဋ်အောင် – ဒေါ်ကြော့မွန်ကံ တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေး ၁၂ ယောက်တို့၏အဘိုးသည် ၂၃–၇–၂၀၀၄ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄–၇–၂၀၀၄ (စနေနေ့) ညနေ ၃ နာရီတွင် အမှတ်(၂)သုသာန်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ **ကျန်ရစ်သူမိသားစု။**

ဝမ်းနည်းကြေကွဲခြင်း

ကိုမိုးကျော်မြင့် (MIS Manager, MBL)၏ဖခင် **ဦးကျော်ဇေ (၆၉)နှစ်** တိုင်းပညာရေးမှူး(ငြိမ်း)ပုသိမ် ၂၂–၇–၂၀၀၄တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Hotel Nikko Royal Lake (Finance)မိသားစု။

ဝမ်းနည်းကြေကွဲခြင်း

သူငယ်ချင်းပုလဲမေ၏မိခင် လီကွေ့ရင်း(ခ)ဒေါ်အမွှေး အသက်(၅၆)နှစ်သည် ၁၆–၇–၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

သူငယ်ချင်းများ–
နိုင်၊ ထွန်း၊ မျိုး၊ ညီ၊ ကျော်၊ လှိုင်၊ သူ၊ စု၊ ယဉ်၊ အိ၊ ဝင်း၊ မင်း။

NPE

စာစပေမြတ်နိုးသူများအတွက်
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း
စာအုပ်ဆိုင်

* မြန်မာနိုင်ငံမှ ပြည်မြန်မာနှင့် အခြားဆောင်းပါးများ
* မြန်မာဦးစွန်း-မြန်မာ့ဓမ္မကျွန်း
* သမိုင်းတွင်သမိုင်းတင်မည့် ချစ်ကြည်ရေးစာချုပ်စာတမ်းများ(မြန်မာ-အင်္ဂလိပ်)
* နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏အောင်ပွဲများ
* ဒေါ်စုကြည် အင်န်အယ်ဒီပါတီနှင့် ကျွန်တော်တို့၏ မျှော်လင့်ချက်ရောင်နီ (မြန်မာ-အင်္ဂလိပ်)
* မှန်နန်းရာဇဝင်(ပ+၃+တတွဲ)
* တပ်မတော်သမိုင်း (အတွဲ ၁မှ၈) အထိ
* ဇာတ်တော်ကြီး ၁၀ ဘွဲ့(မြန်မာ-အင်္ဂလိပ်)
* သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝတ်ရွတ်စဉ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်
(၂၂) သိမ်ဖြူလမ်း ရန်ကုန်မြို့။
☎ ၂၄၄၃၀၆

ဦးသာကျော် (၇၆)နှစ်
(ယခင်ဧည့်ဝတီကျောင်းအုပ်ဆရာကြီး)
(စစ်တွေ)

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ပါဒလိတ်ချိတ်ရပ်၊ လမ်းမကြီးနေ (ဦးမောင်လုံး–ဒေါ်မတုတ်)တို့၏သား၊(ဦးမောင်မြထွန်း)–ဒေါ်ဦးစိန်တို့၏ သားသမက်၊ [ဒေါ်စောမြဦး(ခ)ဒေါ်ညိုညို]၏မောင်၊ ဒေါ်သူဇာအေး (သူဇာကုမ္ပဏီ)၏ ချစ်လှစွာသောခင်ပွန်း၊ မသီရိစုဝေကျော်၊ မောင်ရဲထွန်းကျော်–မခင်သန္တာဝင်း၊ မောင်ရဲမြကျော်တို့၏ ချစ်လှစွာသောဖွေးသဖခင်သည် ၂၅–၇–၂၀၀၄ရက် မွန်းလွဲ၂း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) ညနေ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။[အမှတ်(၁၄၇)၊ ဒုတိယထပ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ ကန်တော်ကလေးနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု။

ရဲမှူးကျော်နိုင်(၅၅)နှစ်
(သူရအပတ်စဉ်–၁၂)
(လှော်ကား)

အင်းစိန်မြို့နယ်နေ (ဦးထွန်းဦး–ဒေါ်သန်းကြည်)တို့၏သား၊ လက်ပံတန်းမြို့နေ (ဦးမောင်လေး)–ဒေါ်သန်းရီတို့၏သားသမက်၊ ဦးနေဝင်း–ဒေါ်ခင်ဝင်း၊(ဦးတင်ဦး)–ဒေါ်သန်းသန်းမေ၊ ဦးအောင်မြင့်–ဒေါ်တင်လှတို့၏ တူ၊ (ဦးစန်းလွင်)–ဒေါ်ခင်ခင်တင့်၊ (ဦးဝင်းချို)–ဒေါ်ခင်ခင်သိန်း၊ (ဦးစိုးမြင့်လွင်)–ဒေါ်ခင်ခင်အေး၊ ဦးသိန်းမြင့်–ဒေါ်မြင့်မြင့်ခင်၊ ဒေါ်နွဲ့နွဲ့ရီ(အထက–၁၊အင်းစိန်)၊ ဒေါက်တာစိုးကြည်–ဒေါ်ကျင်ရွှေတို့၏ညီမောင်၊ ဦးလင်းအောင်–ဒေါ်စန်းနွဲ့၊ ဦးတင်ဝင်း–ဒေါ်မြတ်မြတ်ကြည်၊ ဦးသီဟဦး၊ ဒေါ်မြင့်မြင့်မော်၊ ဦးဝင်းကျော်စိုး–ဒေါ်ခင်စန်းဝင်း၊ ဦးဇော်ဇော်–ဒေါ်ဖြူဖြူထွေး၊ ဦးကိုကိုနိုင်–မသက်သက်မော်တို့၏ အစ်ကိုကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ သစ္စဝါဒီငွေစပ္ပါယ်လမ်းသွယ်၊ အမှတ်(၈၄/၅)၊အောက်မင်္ဂလာဒုံ(၃)နေ ဒေါ်စန်းရွှေ(ခ)အတူး (အထက–၃၊ အောင်ဆန်း)၏ ခင်ပွန်း၊ မဇာလီကျော်(မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်)၊ မယဉ်ယဉ်မျိုးအောင် (ဒုတိယနှစ်၊ ရက္ခဗေဒ၊အနောက်ပိုင်းတက္ကသိုလ်)၊ မောင်ညီညီအောင်(အထက–၃၊ အောင်ဆန်း)တို့၏ဖခင်သည် အထက်ပါနေအိမ်၌ ၂၅–၇–၂၀၀၄ရက် နံနက် ၀၀း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ၂နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရွှေမောင်းဦး (၉၈)နှစ်

ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ ဦးဂါရှာနေ (ဦးလှထွန်းဦး)၏ ဇနီး၊ (ဦးနီမောင်–ဒေါ်မဒါဖြူ)၊ (ဦးဒါမောင်–ဒေါ်စောသာဖြူ)၊ဦးမောင်ရွှေသာ–ဒေါ်စိန်ညွှင်းဖြူ၊ ဦးဝင်းစိန်အောင်(မူအုပ်၊ ငြိမ်း)–ဒေါ်မစံညို၊ ဦးဘထွန်း(မူအုပ်၊ ငြိမ်း)–(ဒေါ်အမဖြူ)၊ ဦးစိန်ပွား–(ဒေါ်မညိုစံ)၊ (ဦးမောင်ဘသိန်း)–ဒေါ်သိန်းမေ၊ ဦးထွန်းစိန်(မြေစာရင်း၊ ငြိမ်း)–(ဒေါ်သိန်းစိုးဖြူ)၊ ဦးသိန်းစိုးအောင်–ဒေါ်မအေးစိန်၊ ဦးသိန်းထွန်းအောင်–ဒေါ်ဦးစိုးဖြူ၊ ဦးစိန်သီးအောင်–ဒေါ်ရွှေမစိန်တို့၏ မိခင်၊ မြေး ၇၀ယောက်တို့၏အဘောင်ရှင်၊ မြစ် ၁၅၀ ယောက်တို့၏ အဖီးရှင်၊ တီ ၃၀ယောက်တို့၏တီတီသည် ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ (တနင်္လာနေ့)တွင် ဦးဂါရှာ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ဝင်း (၇၂)နှစ်
(မိုးစက်ပြင်သင်တန်း)
(ကျိုက်လတ်၊ နတ်စင်)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေလမ်း၊ အမှတ်(၁၃၀/က)နေ (ဦးစံမြ–ဒေါ်ညီမ)တို့၏ သမီး၊ (ဒေါ်အေးမြင့်)၏ ညီမ၊ ဦးချစ်ရင်(မိုးစက်ပြင်သင်တန်း)၏ ဇနီး၊ ဦးမျိုးမြင့်ဆွေ–ဒေါ်သန်းသန်းဆွေ၊ ဦးသက်လွင်–ဒေါ်ဝင်းဝင်းရွှေ၊ ဦးအောင်ကျော်မိုး–ဒေါ်ဝါဝါလင်းထွန်း၊ ဦးဝင်းအောင်မိုး – ဒေါ်နှင်းသန္တာဦး၊ ဦးအောင်စိုးမိုး(ခ)အေးသောင်းမိုး–ဒေါ်နှင်းနှယဉ်တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၂၅–၇–၂၀၀၄ရက် နံနက် ၅နာရီတွင်အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရေချိုပုစွန်မွေးမြူလိုသူများအတွက်

(၁) သားပေါက်
(၂) အစာ
(၃) နည်းပညာ
(၄) အကြံဉာဏ်များကို အကူအညီပေးလိုပါသည်။

မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း
မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်
အမှတ်(၆၉)၊ ဒုတိယထပ်၊ (၂၀၉အေ–၂၀၉ဘီ)၊ ယုဇနတာဝါ၊
ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်။
ဖုန်း–၀၁–၅၅၉၈၄၉
E-mail: fish-fed@mff.com.mm

Q . E . L . C
BA(English) Diploma in ELT, Cambridge Certificate in ELT
4 SKILLS ENGLISH (Basic)
JULY (26), AUG (2, 28)
Intermediate 4 Skills, Aug (28)
English Skills Foundation, Aug (1)
IELTS, July (24) / TOEFL, July (26) / Writing

စာမူများပေးပို့နိုင်ပါပြီ

သတင်းဦးစားပေး အပတ်စဉ်ထုတ် "ခေတ်မြန်မာ" ဂျာနယ်ကို ဩဂုတ်လအတွင်းတွင် စတင်ထုတ်ဝေသွားမည်ဖြစ်သည်။

ထူးခြားဖြစ်ရပ်သတင်းများနှင့် အကျိုးပြုသတင်းများ (မှုခင်း၊ ဂမ္ဘီရဖြစ်စေကာမူ) နယ်/ရန်ကုန် သတင်းထောက်များမှ ခေတ်မြန်မာဂျာနယ်တိုက်သို့ စာမူများအမြန်ဆုံးရေးသားပေးပို့ကြပါ။

အမှတ်(၂၈၁)၊ ဒု–ထပ်(ယာ)၊ လမ်း(၄၀)၊ အထက်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။

ဒေါ်အေးသင်(ခ)အမေသဲ
အသက်(၇၀)
မော်ကျွန်း၊ (သုဝဏ္ဏ)

မော်ကျွန်းမြို့နေ(ဦးဖိုးခ–ဒေါ်စိန်မြိုင်)တို့၏သမီး၊တိုက်(၇၁)၊ အခန်း(၃)၊ ပယင်းလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးချစ်ဆွေ)၏ဇနီး၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရှိန်၊ တပ်ကြပ်ကြီးဝင်းစိန်–မကျင်သိန်း၊ ဦးဝင်းကြည်(တပ်မတော်ရေ၊ငြိမ်း)–ဒေါ်အေးချို၊ တပ်ကြပ်ကြီးထွန်းညွှန့်–ဒေါ်မော်မော်လီ၊ဦးမျိုးကျော်(စည်ပင်/စက်ယာဉ်)–ဒေါ်ငွေးကြည်၊ ဦးရဲမြင့်–ဒေါ်တင်တင်စမ်း၊ ကိုကြည်အေး(ရေနံ/သယ်ပို့)–မအေးအေးသင်း၊ မခင်အုန်းမြင့်၊ ကိုကြည်ထွေး(သန်မြန်သူယာဉ်လိုင်း)–မချိုဦးတို့၏မိခင်၊ မြေး၂၁ယောက်တို့၏အဘွားသည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄ရက် မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြား အပ်ပါသည်။(နေအိမ်မှကားများမွန်းလွဲ၁၂း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီး ဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏ မိခင်ဒေါ်အေးသင်(ခ) အမေသဲ(မော်ကျွန်း) အသက်(၇၀)သည် ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးမောင်မောင်ဆွေတင်–ဒေါက်တာမြသီတာ
Services International (SI) Co., Ltd.။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်အေးသင်(ခ)အမေသဲ အသက် (၇၀)
မော်ကျွန်း
(သုဝဏ္ဏ)

ရန်ကုန်တိုင်း၊ သဃ်န်းကျွန်းမြို့နယ်၊တိုက်(၇၁)၊ အခန်း(၃)၊ ပယင်းလမ်း၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏနေ (ဦးချစ်ဆွေ)၏ ဇနီး၊ ဦးကြည်သိန်း–ဒေါ်မာမာရှိန်တို့၏မိခင်၊ ဒေါ်အေးသင်(ခ)အမေသဲ ၂၃–၇–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရ၍ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါကြောင်း။

ကျောင်းဆင်းဖက်သူငယ်ချင်းများ။

ဝမ်းနည်းကြေကွဲခြင်း

အဘိုးဦးဝင်းဒင်အသက်(၈၅)နှစ်သည် ၂၂–၇–၂၀၀၄ရက်တွင် ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌ ကွယ်လွန်ကြောင်းကြားသိရ၍ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဇော်မြင့် မိသားစု။

တြော်က္ကြီဂို(ခ)ဦးမောင်ကို
အသက်(၈၉)နှစ်
(သံဈေး)

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၂)ရပ်ကွက်၊ (၁၈)လမ်း၊ အမှတ်(၁၁၆)၊ ပထမထပ်နေ ဒေါ်ရင်စိန်(ခ)ဒေါ်ကျင်ပု၏ခင်ပွန်း၊ လမ်းမတော်လမ်း၊ အမှတ်(၁၆၆)၊ ဒုတိယထပ်နေ ဦးအောင်မြင့်–ဒေါ်ခင်ဝင်း၊ အန်းတူး(ခ)ဒေါ်ခင်တင့် (သံဈေး)၊ ဒေါ်ခင်ခင်အေး(အထက–၂၊ လသာ)၊ [ကိုဝင်းလွင်(ခ)အစိမ်း]၊ ဦးအေးနိုင်–ဒေါ်ခင်ခင်စိုး(ခ)အနွီးတို့၏ ဖခင်၊ မောင်လင်းမြတ်အောင် (အထက–၅၊ ဗိုလ်တထောင်)၊ မစောယုနွယ်(အထက–၂၊ လသာ)တို့၏ အဘိုးသည် ၂၄–၇–၂၀၀၄(စနေနေ့) ညသ၁၀း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ (တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (လမ်းမတော်နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကာလီမူတူး(ခ)
ဦးမောင်စိန်(၈၂)နှစ်
(ဂျီမီနီကော်တွန်စတိုး)

ရန်ကုန်မြို့၊ အမှတ်(၁၉၅)၊ ရွှေဘုံသာ(အလယ်) လမ်းနေ ဒေါ်တိုးလှ၏ခင်ပွန်း၊ (ဦးသိန်း ဟန်)–ဒေါ်နှင်းဆီ၊ ဦးစောရွှေ–မအေးအေးမူ၊ ဒေါ်မာလာစိန်–ဦးတင်အေး၊ဒေါ်အေးအေးမြင့်၊ ဦးသောင်းမြင့်–ဒေါ်သီတာမိုး၊ ဦးဂနေ့စ်–ဒေါ်သီတာ၊ ဒေါ်အေးအေးဝင်း၊ ဦးကျော်စိန်တို့၏ ဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၂၅–၇–၂၀၀၄ရက် နံနက်၅း၃၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆–၇–၂၀၀၄ရက် မွန်းလွဲ၁ နာရီတွင် ရေဝေးဟိန္ဒူသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ ရဟန်းဒါယကာကြီး
တန်ပင်ရှောင်း(ခ)
ဦးအောင်မြင့် (၇၉)နှစ်
သမာခိဆိုင်ကယ်၊ (ဖြူး)

ဖြူးမြို့၊ ရုံးရပ်ကွက်၊ (၁၁)လမ်းနေ (ဦးဝမ်ကြည်–ဒေါ်စောအင်း)တို့၏ သား၊ ဒေါ်မြကြည်၏ ခင်ပွန်း၊ ဒေါက်တာကျော်လင်း (ဇေယျဝတီတိုက်နယ်ဆေးရုံ)–ဒေါ်တင်လှ၊ ဦးဝင်းသိန်း–ဒေါ်လှလှရီ၊ ဒေါ်နွဲ့နွဲ့ရီ၊ ဒေါ်ဝင်းဝင်းရီ၊ ဒေါ်စန်းစန်းရီ၊ ဦးအောင်လင်း–ဒေါ်မြမြစိုး၊ ဦးဝင်းကျော်ဦး(စက်မှုလယ်ယာ)–ဒေါ်ခင်ခင်ရီ၊ ဒေါ်တင်တင်ရီတို့၏ မွေးသဖခင်၊ မြေးခြောက်ယောက်တို့၏ အဘိုးသည် ၂၅–၇–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ဖြူးအရှေ့သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးခင်မောင်(၇၈)နှစ်
မန်နေဂျာ (စား/ဖျော်၊ငြိမ်း)
အရာခံဗိုလ်(ငြိမ်း)
လွတ်လပ်ရေးမော်ကွန်းဝင်
တတိယဆင့်

မွန်ပြည်နယ်၊ သထုံမြို့၊ရှမ်းစုကျေးရွာနေ (ဦးထွန်းမောင်–ဒေါ်ငွေခင်)တို့၏ သား၊ (ဦးစိန်–ဒေါ်လှစိန်)တို့၏ သားသမက်၊ ဒေါ်ကြည်ကြည်ညွှန့်၏ မောင်၊ ရန်ကုန်တိုင်း၊ မြောက်ဥက္ကလာပမြို့နယ်၊ ည/ရပ်ကွက်၊ ဘုံမှာ(၁၅)လမ်း၊ (၉၈၃)နေ ဒေါ်မြသိန်း၏ခင်ပွန်း၊ ဦးစိန်အောင်၊ (ဦးမြင့်အောင်)၊ ဦးဆန်နီ၊ ဒေါ်ခင်ဝင်းမာ၊ (ဦးသီဟ)၊ ဗိုလ်မှူးမြင့်နိုင်(ဒုတပ်ရင်းမှူး)–ဒေါ်နီလာအောင်တို့၏ ဖခင်၊ မသီသီဝင်း၊ မသီသီမာ၊မဝင်းသီတာနိုင်၊ မောင်မျိုးဇော်ထွေး၊ မီကို၊ မောင်ဇေလတ်၊ ကျော်လကျာ တို့၏အဘိုးသည် ၂၄–၇–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီးတွင် ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ (တနင်္လာနေ့) နံနက် ၁၁း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီးမှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးတင်စိန် အသက်(၆၀)

ဧရာဝတီတိုင်း ဝါးခယ်မမြို့နေ (ဦးခဲရန်–ဒေါ်အုန်းစိန်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊အမှတ် (၁၉)၊ စမ်းချောင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ (ပထမထပ်နေ)၊ ဒေါ်ကြည်ကြည်ဝင်း(သစ်လုပ်ငန်း၊ ငြိမ်း)၏ခင်ပွန်း၊မမိုးမြင့်ဦး (C.B. Bank)၊ ကိုတင်ထူးအောင်–မမြသွေးတို့၏ ဖခင်၊ မချစ်ချစ်မြထူး (ဒုတိယတန်း၊ အထက–၂၊ စမ်းချောင်း)၏ အဘိုး၊ ဦးညွှန့်မောင်–ဒေါ်မြင့်မြင့်ရီ (ရေနံချောင်း)၊ ဒေါ်ငွေးငွေးဝင်း–ဦးသောင်းငွေတို့၏ အစ်ကိုကြီးသည်၂၅–၇–၂၀၀၄(တနင်္ဂနွေနေ့) ညနေ ၆နာရီတွင် နနလဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၇–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (စမ်းချောင်းလမ်းနေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ကြူကြူအေး(၅၇)နှစ်
(B.Econ Stat:) 1969
ဦးစီးအရာရှိ
ဖျာပုံမြို့နယ်သမဝါယမဦးစီးဌာန

ဖျာပုံမြို့နယ် သမဝါယမဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်ကြူကြူအေးသည် ၂၄–၇–၂၀၀၄ရက် နံနက်၁၀နာရီတွင် ကျိုက်လတ်မြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ကျိုက်လတ်မြို့ သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ရပ်နီး ရပ်ဝေးနေမိတ်သင်္ဂဟများနှင့် သူငယ်ချင်း အပေါင်းအသင်းများအား အသိပေးအကြောင်းကြားပါသည်။ ၁၉၆၉စီးပွားရေးတက္ကသိုလ်

ကျောင်းဆင်းသူငယ်ချင်းများ။

ဒေါ်သိန်း(၉၆)နှစ်
(ပေါက်ခေါင်းမြို့)

ပဲခူးတိုင်း၊ပေါက်ခေါင်းမြို့နေ (ဦးခင်–ဒေါ်မိလေး)တို့၏ သမီး၊ (ဦးအုန်းရှိန်)၏ဇနီး၊ ဦးစိုးလွင်ရှိန်(ငြိမ်း၊ စာရင်းရုံး)–ဒေါ်ခင်ကြည်(ငြိမ်း၊ စား/ထွေ)၊ ဦးတင့်ဆွေ(ငြိမ်း၊ MEPE)၊ ဦးတင်အောင်–ဒေါ်တင်ဝင်း(ငြိမ်း၊ တပ်မတော်အထည်ချုပ်)၊ ဦးတင်ယုရှိန်(ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)–ဒေါ်ထွေးတို့၏မိခင်၊ မြေး၁၃ယောက်၊ မြစ်၁၈ယောက်တို့၏ အဘွားသည် ၂၅–၇–၂၀၀၄ (တနင်္ဂနွေနေ့)နံနက်တွင် အမှတ်(၇၀၄)၊ ရွှေအုတ်ဂူ(၄)လမ်း၊ (၈)ရပ်ကွက်၊ သာကေတမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) မွန်းတည့်၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးမောင်မောင် အသက်(၉၀)

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် (၆)ရပ်ကွက်၊ (၅၂)လမ်းသွယ်၊ အမှတ်(၅)နေ (ဒေါ်ထွေး)၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးဘဘ–ဒေါ်လှတင်)တို့၏ အစ်ကို(ဦးမြင့်သိန်း–ဒေါ်အစိန်)၊ ဦးစိုးနိုင်(ယာဉ်စက်၊ငြိမ်း)၊ ဒေါ်အရီ(MEIS၊ ငြိမ်း)၊ ဦးဘမြင့်(ပုလဲငါး၊ ငြိမ်း)–ဒေါ်တင်တင်၊ ဦးမျိုးကြည်(စက်မှု/လယ်ယာ၊ ငြိမ်း)–(ဒေါ်လှသူ)၊ဦးမျိုးတင့်(အကြီးတန်းမန်နေဂျာ၊ရိုးမဘဏ်ဘုရင့်နောင်ဘဏ်ခွဲ)–ဒေါ်ထွေးတင်၊ ဦးမြင့်ကြည်(လေတပ်၊ ငြိမ်း)–ဒေါ်တိုးရီတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်၂၂ယောက်တို့၏ အဘိုးသည် ၂၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၇–၇–၂၀၀၄(အင်္ဂါနေ့)မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ၁၂း၄၅နာရီ ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ဇံ (၈၃)နှစ်
(စစ်တွေမြို့)

စစ်တွေမြို့နေ (ဦးမောင်သာ–ဒေါ်သန္တာခိုင်)တို့၏ သား၊ (ဒေါ်လှမေ)၏ ခင်ပွန်း၊ ဦးထွန်းဦးခိုင် (ပြည်တွင်းရေကြောင်း)–နီလာသန်း (ထွေအုပ်)၊ ဦးကျော်ဇောလှ(ဥက္ကဋ္ဌ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပေါက်တောမြို့) – ဒေါ်ခင်ခင်ဇံ(စား/ထွေလုပ်ငန်း)၊ ဦးထွန်းကျော်ဇံ (ကုန်သွယ်/လယ်ယာ၊ ဂွမြို့)–ဒေါ်ခင်စောမြ၊ ဦးဇော်မိုးထွန်း–ဒေါ်ခင်နှင်းဇံ (အမက–၁၅၊ စစ်တွေ)၊ ဦးသိန်းထွန်း (စာရင်းရုံး၊ ဂွမြို့)– ဒေါ်ခင်မာဇံ(စည်ပင်၊ ဂွမြို့)၊ ဦးဇော်အောင်မိုး(ငွေဖြိုးထွန်းကုမ္ပဏီ)–ဒေါ်နုနုဇံ(အိုးအိမ်)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၅–၇–၂၀၀၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့၊ (လမ/၄၅၄)၊ ပြည်တော်သာနေအိမ်မှ အာကိုတ်တော်ကုန်းသို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဒေါ်ရင်ရင်အေး (၆၅)နှစ်
(B.A.,B.L)
ဥပဒေအကြံပေး(ငြိမ်း)
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အင်းစိန်လမ်း၊အမှတ်(၃၅)နေ(ဦးဘသန်း၊ တရားရုံးချုပ်ရှေ့နေကြီး)–ဒေါ်ခင်စိန်တို့၏ ဒုတိယသမီး၊ ဒေါ်မြင့်မြင့်ခင်(အထပြ၊ငြိမ်း)၏ညီမ၊ Dr.ဦးထိန်ဝင်း(မေ့ဆေးပါရဂူ)–Dr.ဒေါ်တင်တင်အေး၊ ဦးဦးခင်(မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း)–ဒေါ်ကြူကြူဝင်း(အထပြ၊ အထက–၄၊ အလုံ)၊ Dr.ဦးခင်မောင်မောင်(ခရိုင်ဆေးရုံအုပ်ကြီး၊ ငြိမ်း)–ဒေါ်မူမူသန်းတို့၏ အစ်မ၊တူ၊တူမကိုးယောက်တို့၏ကြီးတော်၊ မြေးသုံးယောက်တို့၏ အဘွားသည် ၂၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများနံနက် ၁၁း၃၀ နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ဒေါ်တင်မြိုင်(၅၃)နှစ်
ကျောက်ပန်းတောင်းမြို့နယ်
ရာသက်ပန်အသင်းဝင်

ရန်ကုန်မြို့ အမှတ်(၉၀)နတ်စင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်နှင့် တိုက်(၃၇)၊ အခန်း(၂) ဝေဠုဝန်အိမ်ရာစခန်း၊ စမ်းချောင်းမြို့နယ်နေ (ဦးကျော်အုန်း)–ဒေါ်မြရင်တို့၏သမီး၊ ဦးဘညို–ဒေါ်တင်နွယ်တို့၏တူမ၊ ဦးတင်ဝင်း–ဒေါ်မြရွှေတို့၏ ညီမ၊ ဗိုလ်ကြီးမြင့်သိန်း(ငြိမ်း)–ဒေါ်မြင့်မြင့်သန်း (အာမခံ–ငြိမ်း)၊ ဦးလှရွှေ၊ ဒေါ်ရီရီမြ၊ ဦးအောင်သိန်း–ဒေါ်တင်တင်အုန်းတို့၏အစ်မ၊ (ဦးဇော်တိုး)၏ ဇနီး၊ မောင်ရဲတေဇာဇော်၏ မိခင်၊ တူ၊ တူမငါးယောက်တို့၏ အဒေါ်ကြီး ဒေါ်တင်မြိုင်သည် ၂၂–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁း၃၀နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

ရဟန်းအမနှင့် ရှင်အပါး၁၀၀၀ဒါယိကာမကြီး
ဒေါ်တင်ရီ အသက်(၉၀)

ရန်ကုန်မြို့၊သဃ်န်းကျွန်းမြို့နယ်၊ ၁၆/၁ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၁၁၉၁/ခ)နေ (ဦးလှတင်–ဒေါ်မြရင်)တို့၏သမီး၊ (ဦးတင်စိန်)၏ဇနီး၊ (ဦးသန်းလွင်)–ဒေါ်သန်းညွှန့်၊ ဦးတင်အုန်း(အငြိမ်းစားအင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား)–(ဒေါ်ကြည်ကြည်)တို့၏အစ်မကြီး၊ ဦးချစ်လှိုင်(အငြိမ်းစားလ/ထ အင်ဂျင်နီယာ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)–ဒေါ်သိန်းရီ၊ ဦးစိုးလှိုင်(အငြိမ်းစားဌာနမှူး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ အတိုင်ပင်ခံအင်ဂျင်နီယာ Max Myanmar Co.,Ltd)–ဒေါ်မြစိန်(အငြိမ်းစားဌာနမှူး၊ ကထိက၊ ရန်ကုန်ဆေးတက္ကသိုလ်–၁)၊ ဦးလှဖေဝင်း(အငြိမ်းစား၊ဆပ်ပြာစက်ရုံ–၁)–ဒေါ်သန်းမြင့်(အငြိမ်းစားဆရာမ၊ အလက–၃၊ လှိုင်မြို့နယ်)၊ ဦးညွှန့်ဝေ(ဌာနစုမှူး၊ အင်ဂျင်နီယာ၊ အင်ဂျင်နီယာဌာန–ရေသန့်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)–ဒေါ်ခင်ခင်ကြည် (လ/ထဌာနမှူး၊ ညှိနှိုင်းဆောင်ရွက်ရေးဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)၊ ဦးအောင်မြင့် (Milprend Shipping Hong Kong)–ဒေါ်သက်သက်ဆွေတို့၏မိခင်သည် ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍၂၆–၇–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးနေဖီ (၇၉)နှစ်
(ကျိုက္ကော်)

သထုံမြို့နယ်၊ ကျိုက္ကော်ရွာနေ (ဦးကျော့ဟွန်း–ဒေါ်ဒွေးစိန်)တို့၏ သား၊ သထုံမြို့နေ(ဦးဘန်လိပ်–ဒေါ်ကျင်ထွေး)တို့၏ သားမက်၊ (ဒေါ်မြကျင်)၏ ခင်ပွန်း၊ ဦးအေးသန့်–ဒေါ်အေးရီ၊ (ဦးချစ်မြတ်)–ဒေါ်ခင်ကြူ၊ ဦးအေးလွင်–ဒေါ်ဝါဝါလွင်၊ ဦးစိုးလွင်–ဒေါ်သီသီမြင့်တို့၏ အစ်ကိုကြီး၊ ဦးမြင့်အောင်–(ဒေါ်ခင်မမ)–ဒေါ်အေးမျိုးဟန်၊ ဦးတင်အေး–ဒေါ်မြင့်မြင့်အေး၊ ဦးမြင့်ဝင်း–ဒေါ်မြင့်မြင့်ဆွေ၊ ဒေါက်တာမြင့်အောင်–ဒေါ်မြင့်မြင့်ခိုင်၊ ဒေါ်မြင့်မြင့်မူ၊ ဦးသက်အောင်–ဒေါ်ချိုမွှေး၊ ဦးမင်းအောင်–ဒေါ်ကြည်ကြည်မြင့်၊ ဒေါက်တာမိုးကျော်အောင်–ဒေါ်မာလာ၊ ဦးညီညီအောင်–ဒေါ်ချောချောဟန်တို့၏ဖခင်၊ မြေး၁၃ယောက်တို့၏ အဘိုးသည် ၂၅–၇–၂၀၀၄ရက် နံနက်၄နာရီတွင်ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် သိမ်ဆိပ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်းဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်းနှင့်
ရက်လည်ဆွမ်းကျွေးတရားနာဖိတ်ကြားခြင်း
ဒေါ်အေးအေးသွယ်
အသက်(၅၃)နှစ်

မောင်ကွမ်းဇော်ဦး–မခင်လပြည့်ဝန်း၊ မောင်ရဲမင်းဝင်းတို့၏မိခင်၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၄၀၄)၊ ကမ်းသာယာပလာဇာ(အမှတ်၁၈၊ ရှင်စောပုလမ်း၊ အလုံမြို့နယ်)နေ ကွယ်လွန်သူဒေါ်အေးအေးသွယ်၏ ၂၃–၇–၂၀၀၄ရက် ဈာပနကိစ္စအဝဝတွင် အဘက်ဘက်မှ နှစ်သိမ့်အားပေး ကူညီခဲ့ကြသော မိတ်ဆွေသင်္ဂဟများအားလည်းကောင်း၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ကူညီအားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများ နှင့် တယ်လီဖုန်း၊ အီးမေးလ်တို့ဖြင့် နှစ်သိမ့်အားပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား ကျေးဇူးတင်ရှိပါကြောင်း။(ကွယ်လွန်သူအားရည်စူး၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) နံနက်၁၀နာရီမှစ၍ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါ၍ အမှတ်(၄၀၄)၊ ကမ်းသာယာပလာဇာ ကြည့်မြင်တိုင်မြို့နယ်နေအိမ်သို့ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်နန်းရွက် (၇၅)နှစ်
(ကျိုင်းတုံ)

ကျိုင်းတုံမြို့၊ ကျိုင်းအင်းရပ်၊ နွံနော လမ်း၊အမှတ်(၄၀)နေ (ဦးပျန်းခမ်း) ၏ ဇနီး၊ ဦးစိုင်းဆမ်တစ်(ပြန်/ဆက်ဦးစီးမှူး၊ မိုင်းဆတ်)–ဒေါ်နန်းကိန်ဟွမ်၊ ဦးကြည်စိုး (မြို့တော်စည်ပင်) – ဒေါ်နန်းဆောင်ခမ်း၊ (ဦးစိုင်းမြင့်စိုး)–ဒေါ်နန်းခမ်းနွန်း၊ စိုင်းခမ်းဖူး–ဒေါ်နန်းနွန်းတို့၏မိခင်၊မြေး ၁၂ယောက်၊မြစ်ငါးယောက်တို့၏ အဘွားသည် ၁၉–၇–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါကြောင်း မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားပါသည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်နှင်းမြင့်(၅၄)နှစ်
B.E (Texile) 1973
အတွင်းရေးမှူး
အားသစ် ချည်/ထည်ကုန်ထုတ်
သမအသင်း

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ မဟာဗောဓိလမ်း၊ အမှတ်(၁၇) နေ(ဦးဇင်–ဒေါ်ခင်တီ)တို့၏ သမီးကြီး၊ ဦးအေးမြင့် (ဒုမြို့နယ်ဥပဒေအရာရှိမင်္ဂလာတောင်ညွန့်မြို့နယ် ဥပဒေရုံး)–ဒေါ်ရင်ရင်မြ (ဒုမြို့နယ်တရားသူကြီး၊ တာမွေမြို့နယ်တရားရုံး)၊ ဦးစန်းမြင့် (မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)တို့၏ အစ်မကြီးသည် ၂၅–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၇–၇–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၀နာရီတွင်ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀ နာရီထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

မောင်ဘိုဘိုစိုး(၂၉)နှစ်

မြိတ်မြို့၊ဈေးတန်းရပ်၊(၈၇)၊လှည်းထိန်စုလမ်းနေ (ဦးထွန်းရှင်)–ဒေါ်ကြည်ဝါတို့၏သားထွေး၊ကိုမြင့်စိုး–မဂင်စီ၊ ကိုဝင်းရှိန်–မအေးငယ်၊ကိုကျော်ကျော်–မဂင်ဝေ၊ ကိုဝင်းမော်၊မမီးမီး၊ ကိုဝင်းမျိုး–မဥမ္မာဆန်း၊ ဗိုလ်မှူးသိန်းထွန်းဝင်း–မတင်တင်ချိုတို့၏ ညီ/မောင်၊ ကိုဝင်းရှိန်–မအိအိလှိုင်၊ မောင်ဇော်ဝင်းမြင့်–မသီတာလှိုင်တို့၏ အစ်ကိုသည် ၂၄–၇–၂၀၀၄ရက် နံနက်၁၀း၂၀နာရီတွင် ကွယ်လွန် ပါ၍ ၂၆–၇–၂၀၀၄(တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင်နေအိမ်မှကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းအမနှင့် ရှင်အပါး၁၀၀၀
ဒါယိကာမကြီး
ဒေါ်တင်ရီ အသက်(၉၀)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမန(၂)လမ်း၊ အမှတ်(၁၁၉၁/ခ)နေ (ဦးလှတင်–ဒေါ်မြရင်)တို့၏သမီး၊ (ဦးတင်စိန်)၏ဇနီး၊ (ဦးသန်းလွင်)–ဒေါ်သန်းညွှန့်၊ ဦးတင်အုန်း(အငြိမ်းစားအင်ဂျင်နီယာချုပ်၊ မြန်မာ့မီးရထား) – (ဒေါ်ကြည်ကြည်)တို့၏အစ်မကြီး၊ မဖြူဖြူသန့်(မြို့ပြမြေယာ၊ ရန်ကုန်မြို့တော်စည်ပင်)၊ မောင်သန့်ဇင်ငွေး–မမူမူသန့်၊ မောင်ထွန်းထွန်းဝင်း(မြို့ပြ မြေယာ၊ ရန်ကုန်မြို့တော်စည်ပင်)၊ မသီဂီထွန်း၊ မောင်တင်ဝင်းအောင်–မအေးအေးခိုင်၊ မောင်စိုးမြင့်လွင်(လ/ထအင်ဂျင်နီယာ၊ ရေအရင်းအမြစ်ဦးစီးဌာန)၊ မခင်ချိုလတ်၊ မောင်ကျော်ကျော်ထွန်း၊ မလေးနော်ဇာခင်၊ မမြတ်သန္တာလှိုင်၊ Dr Reddys Lab)၊ မောင်ကန်သစ်ထွန်း(သတ္တမတန်း၊ TTC)၊ မောင်ဖြိုးသက်အောင် (စတုတ္ထတန်း၊TTC)တို့၏အဘွား၊ မြစ်ခုနစ်ယောက်တို့၏အဘွားသည် ၂၄–၇–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဦးကျင်(ခ)ဝင်သက်ဆွေ
အသက်(၇၂)နှစ်
(ခတ္တီယ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၈)၊ ကမ္ဘာဇလမ်းနေ (ဦးချစ်ဆုံ–ဒေါ်တင်)တို့၏ သားကြီး၊ ရန်ကုန်မြို့၊ အမှတ်(၆၀)၊(၂၆)လမ်း၊ ပန်းဘဲတန်းမြို့နယ်နေ ဒေါ်ရီ၏ခင်ပွန်း၊ ကိုဆွေဦး–မရှုမေ၊ ကိုမောင်မောင်ဝင်း– မမြသီတာ၊ မောင်ဝဏ္ဏာတို့၏ဖခင်၊ မြေးသုံးယောက်၏ အဘိုးသည် အကယ်ဒမီဆေးခန်း၌၂၄–၇–၂၀၀၄ရက် ည၇နာရီတွင် ကွယ်လွန်ပါ၍ ၂၆–၇–၂၀၀၄ရက်တွင် ရေဝေးကွမ်တုံတရုတ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

ကြည့်ရှု စစ်ဆေး

ဇူလိုင် ၂၅ ရက်က မြန်မာနိုင်ငံ ပညာရေး ကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်တွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်း–ရှေ့ဖုံး) (သတင်းစဉ်)

ရန်ကုန် မိုးရေချိန်

(၂၅–၇–၂၀၀၄)

မင်္ဂလာဒုံ	၀ ဒသမ	၃၆ လက်မ
ကမ္ဘာအေး	၀ ဒသမ	၆၇ လက်မ
ရန်ကုန်မြို့လယ်	၁ ဒသမ	၁၁ လက်မ

မိမိဒေသ ဆန်ဖူလုံရေးသာမက ပိုလျှံအောင် ရည်မှန်းချက်ထား စိုက်ပျိုးထုတ်လုပ် ပန်းတိုင်အထွက်နှုန်းဖြစ်သည့် တစ်ဧက တင်း ၁၀၀ ထွက်ရှိအောင် ဝိုင်းဝန်းကြိုးပမ်း

ရန်ကုန် ဇူလိုင် ၂၅

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဇူလိုင် ၂၃ ရက် နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် စိုက်ပျိုးရေးအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ တိုက်နယ်ဆေးရုံသို့ ရောက်ရှိလာရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဦးထင်ဝင်းကျော်၊ ကျိုက်ထိုမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမောင်မောင်မင်းတင်၊ ဆေးရုံအုပ် ဒေါက်တာဦးကျော်နှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် တိုက်နယ်ဆေးရုံရှိ ခွဲစိတ်ခန်းမဆောင်သစ်၊ လူနာဆောင်များ၊ ဓာတ်မှန်ခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးကုသမှုခံယူနေကြသော ပြည်သူတို့အား အားပေးစကားပြောကြားကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ●

သံလွင်နှင့်ဧရာဝတီ ခိုးရိမ်ရေမှတ်ကျော်

ရန်ကုန် ဇူလိုင် ၂၅

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဧရာဝတီ မြစ်ရေသည် ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် စိုးရိမ်ရေမှတ်အထက်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်သုံးရက်အတွင်း လက်ရှိရေမှတ်မှ တစ်ပေခွဲခန့် ဆက်လက်တက်နိုင်သည်။

အသက်ရှည်စွာ အနာမဲ့ရေး (၂)

အသက်ရှည်ခြင်း အကြောင်းတရား တတိယ အချက်ကတော့ အစားအစာကို မှီဝဲ သုံးဆောင်ရာမှာ ကြေခဲ ကျက်ခဲတဲ့ အစာကြမ်းတွေကို ရှောင်ပြီး ကြေလွယ် ကျက်လွယ်တဲ့ အစားအစာကို မှီဝဲသုံးဆောင်ရမယ်တဲ့ . . .

ဒေါက်တာလွင်ကို၏ဆောင်းပါး

စာမျက်နှာ–၃၊

လှည့်လည်ကြည့်ရှုအားပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မောင်ဘို လှိုင်းဘွဲမြို့နယ် ၂၀၀၄–၂၀၀၅ခုနှစ် မိုးစပါး စိုက်စနစ်မှန် စိုက်ပျိုးရေး သရုပ်ပြခြင်းနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက် သရုပ်ပြခြင်း အခမ်းအနားတွင် လှည့်လည်ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)